

ဝတ္ထုတိုများ

mgyoe.com



ညဉ့်ဆိုးညဉ့်ကောင်း
အချစ်ဆိုတာ
မယ်အိတစိုစို

SHS0017
1,800.00 KS

mgyoe.com

၂၀ ရာစုအလယ် မြန်မာဝတ္ထုတိုများအား ပြန်လည်ဂုဏ်ပြု ဖော်ထုတ်ရာတွင် စာရေးဆရာ၊ ဆရာမကြီးများ၏ မိသားစုများ၊ မူပိုင်ခွင့်ဆက်ခံသူများအား ရှာဖွေဆက်သွယ်လျက်ရှိသော်လည်း အချို့မှာ ဆက်သွယ်ရန် ခက်ခဲခဲ့ပါသည်။ သို့ပါ၍ ယခုစာကိုပင် ခွင့်ပြုချက်တောင်းခံစာဟုမှတ်ယူ၍ ဉာဏ်ပူဇော်ခနှင့် စာအုပ်လက်ဆောင်များကို စာအုပ်တိုက်သို့ ဆက်သွယ်ထုတ်ယူပေးပါရန် နှုးညွှတ်စွာ တောင်းပန်မေတ္တာရပ်ခံအပ်ပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်

mgyoe.com

mgyoe.com

ရသခန်းသာ ရွှေသီရာ

■■■■■■■■■

# ညဉ်ဆိုးညဉ်ကောင်း
# ဝတ္ထုတိုများ

## ဣန္ဒနီ

၂၀ ရာစုအလယ်တစ်ဝိုက် မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော မြန်မာဝတ္ထုတိုဆရာများ၏ လက်ရာမွန်များ
အမှတ်တရစုစည်းသည့် အစီအစဉ်။

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

ညဉ့်သိုးညဉ့်ကောင်း ဝတ္ထုတိုများ၊ ဏန္ဒီ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၆၂ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မင်္ဂလာ?/မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
***www.facebook.com/SKCCmyanmarbook***
***www.skccmyanmarbook.com***

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ညဥ့်ဆိုးညဥ့်ကောင်း | ၁ |
| ၂။ | အချစ်ဆိုတာ | ၆၇ |
| ၃။ | မယ်အိတစ်စို | ၁၂၈ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဉာဉ်ဆိုးဉာဉ်ကောင်း

ဤဝတ္ထု၏ ဇာတ်လမ်းစဉ်ကိုမဖော်ပြမီ ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဦးထွန်းလင်းကို စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးဖို့ လိုလေသည်။ ဦးထွန်းလင်းသည် ရန်ကုန်ယူနီဗာစီတီ တက္ကသိုလ်ကျောင်းတိုက်မှ ဝိဇ္ဇာစာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် အထက်တန်းကျောင်းများတွင် ဆရာအဖြစ် သုံးနှစ်လုပ်ခဲ့သည်။ ထို့နောက် ဘီ စီ အက် (စ်) ခေါ် နိုင်ငံတော်အထက်တန်းဝန်ထမ်းရာထူးကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာ အောင်မြင်သဖြင့် အစိုးရအလုပ်တွင် ပထမအလုပ်သင်အဖြစ် မြို့ပိုင်ဘဝနှင့် ကျင်လည်ရပြီးနောက် မကြာမီ နယ်ပိုင်ဝန်ထောက်အလုပ်နှင့် မြန်မာပြည်တခွင် ပြုံပြုံစင်အောင် လှည့်လည်သွားလာကာ အစိုးရအမှုတော်ကို ထမ်းရွက်ခဲ့သည်။

အင်္ဂလိပ်ပြေး၍ ဂျပန်အစိုးရအုပ်ချုပ်သည့်အခါ တောင်ငူ၌ အလုပ်လုပ်ခဲ့ရပြီး အင်္ဂလိပ်အစိုးရပြန်ဝင်လာသည့်အခါ တောင်ငူမှ

mgyoe.com

mgyoe.com


ကသာမြို့သို့၊ ယင်းသည့်နောက် ရွှေဘိုမြို့သို့ အပို့ခံရပြီး ဇနီးသည်မှာ ရွှေဘိုဇာတိဖြစ်သောကြောင့် တစ်ကြောင်း၊ အသက်အရွယ်ကလည်း ထောင်း၍ သုံးနှစ်ခန့်မျှ အလုပ်လုပ်ပြီးသည့်အခါ ပင်စင်ယူ၍ ရွှေဘိုမြို့၌ပင် အငြိမ်းစား နေထိုင်ခဲ့လေသည်။ ဦးထွန်းလင်း၏ ယောက္ခမများမှာ အသင့်အတင့်ချမ်းသာသူများဖြစ်၍ ရွှေဘိုနယ်ထဲတွင် လယ်မြေချောင်းမြောင်းပိုင်သူ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်များဖြစ်လေရာ သူတို့ သေဆုံးကြသောအခါ တစ်ဦးတည်းသော သမီးဖြစ်သူ ဦးထွန်းလင်း၏ဇနီးက အမွေစားအမွေခံအဖြစ် ဆက်ခံပိုင်ဆိုင်ခဲ့ရသည့်အလျောက် ဦးထွန်းလင်းသည် အစိုးရပေးသော ပင်စင်လစာအပြင် ဇနီးသည်၏ ပစ္စည်းများကြောင့် လယ်ပိုင်ရှင်အဖြစ်နှင့် တင့်တောင့်တင့်တယ် ဣန္ဒြေမပျက် နေထိုင်နိုင်ခဲ့လေသည်။

ဦးထွန်းလင်း လယ်မလုပ်ချင်သော်လည်း လယ်တောသို့မဆင်းလျှင် မနေနိုင်အောင် ဖန်တီးလိုက်သောကိစ္စမှာ လယ်မြေချထားရေးအက်ဥပဒေအရ ဘုတ်အဖွဲ့များသို့ အာဏာပေးလိုက်သောကိစ္စပင်ဖြစ်လေသည်။ ထိုဥပဒေ၏သဘောအကျဉ်းချုပ်မှာ ဘုတ်အဖွဲ့၌ သူကြီးနှင့် ကျေးရွာလူကြီးများ ပါဝင်စေပြီး လယ်ပိုင်ရှင်တို့၏ လယ်မြေများကို သိမ်းကာ သင့်လျော်သော တောင်သူလယ်သမားများသို့ ချထားပေးရမည်။ လယ်ပိုင်ရှင်သည် မိမိ အသက်မွေးဝမ်းကျောင်းအတွက် ကိုယ်တိုင်လယ်လုပ်သူဖြစ်လျှင် လယ်ဧက ၅၀ အထိ လုပ်ကိုင်နိုင်ခွင့်ရှိသည်။ ပိုသောလယ်မြေများကို ဘုတ်အဖွဲ့သို့အပ်လျှင် ဘုတ်အဖွဲ့က သင့်လျော်သည်ထင်သော သီးစားသို့ တစ်ဆင့်ချထားရမည်။ အထူးသဖြင့် ဘုတ်အဖွဲ့က သီးစားချရာတွင် ယခင်နှစ်များက လုပ်ခဲ့သော သီးစားကို ပို၍အခွင့်အရေးပေးရမည်ဟု ဆိုလေသည်။

ထို့ကြောင့် ဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော ညွှန်ကြား

mgyoe.com

mgyoe.com


ချက် စာတမ်းများအရ လယ်ပိုင်ရှင်မှာ မိမိကြိုက်သလို မိမိ နှစ်သက်ရာရာ သီးစားကို လယ်ချထားနိုင်ခွင့် မရှိတော့သည်သာမက ကိုယ်တိုင် လယ်မလုပ်လျှင် ရှိသမျှလယ်များကို ဘုတ်အဖွဲ့သို့ ဝကွက် အပ်လိုက်ရတော့မလို ဖြစ်နေလေသည်။

ထိုဥပဒေ၏ သဘောကို နားလည်သောအခါ အမယ်ကြီးသည် ဦးထွန်းလင်းအား ကိုယ်တိုင် လယ်လုပ်ရန် အတင်းအဓမ္မ တိုက်တွန်းနှိုးဆော်လေတော့သည်။

"အစိုးရခွင့်ပြုတဲ့အတိုင်း အနည်းဆုံး လယ်ဧက ၅၀ လောက်တော့ လက်ထဲက လွတ်မသွားအောင် လုပ်ဦးမှဖြစ်မှာပဲ၊ တစ်ကြိမ် လက်လွတ်သွားရင် နောက်တစ်ကြိမ် ကိုယ့်လက်ထဲ ပြန်ရောက်ဖို့ ခဲယဉ်းတယ်။ ညွှန်ကြားချက်စာတမ်းတွေအရ အရင်နှစ်ကလုပ်တဲ့ သီးစားကိုသာ လယ်ပြန်ချထားရမယ်လို့ ဆိုတယ်မဟုတ်လား၊ အခု တောင် ကျွန်မတို့မှာ ရှိသမျှလယ်ယာတွေဟာ သီးစားတွေနဲ့ လုပ်ထားတာ...။ ဒါကို မောင်ရင့်သီးစားတွေက မနှစ်က ကျွန်တော်တို့လုပ်တာပါ။ ဒါကြောင့် ဒီနှစ်လည်း ကျွန်တော်တို့သာ လုပ်ပိုင်ခွင့်ရှိလို့ ကျွန်တော်တို့ကိုသာ ချထားပါလို့ ဘုတ်အဖွဲ့ကိုလျှောက်ထားရင် ဧက ၅၀ မပြောနဲ့ တစ်ဧကတောင် ကိုယ့်ဟာကိုယ် ပြန်လုပ်ဖို့ ရချင်မှရမှာပဲ"

"ဒါအတွက်တော့... မပူပါနဲ့ကွာ၊ ငါ့သူကြီးတွေ ရှိသားပဲ"

"ရှင်က အခု နယ်ပိုင်ဝန်ထောက် မဟုတ်တော့ဘူးရှင့်၊ ဘာ အာဏာခွာနာမှ ရှိတော့တာ မဟုတ်ဘူး"

"အာဏာမရှိပေမယ့် မေတ္တာတရားဆိုတာ ရှိပါသေးတယ်ကွာ"

"ဒါဖြင့် ရှင် လယ်ဆင်းလုပ်တော့မယ်ပေါ့"

"ငါ လယ်တောဆင်းမယ်လို့ ဝန်မခံရသေးပါကလား။ မင်းကို ပစ်ပြီး ငါ ဘယ်သွားနိုင်ပါ့မလဲကွာ"

mgyoe.com

mgyoe.com



"မသွားလို့ မဖြစ်ဘူးရှင့်။ အိမ်မှာ ကျွန်မ မရှိရင် ဖြစ်မယ်မဟုတ်ဘူး။ ဒီတော့ ရှင့်ကို ထမင်းချက်ကျွေးဖို့ နောက်တိုးကို ခေါ်သွား...။ အဖော်လည်းရအောင်"

"အေးကွာ... ဘယ်လိုချွဲလို့မှမရလည်း သွားရတော့တာပေါ့။ ခက်တာက ငါ လယ်မထွန်တတ်တာက ခက်တယ်"

"ရှင်ကိုယ်တိုင် လယ်ထဲဆင်းရမှာ မဟုတ်ပါဘူး။ လုပ်သားငှားပြီး လုပ်ခိုင်း....၊ ရှင်က လယ်ကွက်ဘေးမှာ မျက်နှာပြရုံပေါ့။ တကတည်း မသွားချင်တိုင်း ဆင်ခြေတွေများလိုက်တာ..."

"ကောင်းပါပြီဗျာ"

ယင်းသို့လျှင် ဦးထွန်းလင်းမှာ အငြိမ်းစားနယ်ပိုင်ဝန်ထောက်ဘဝမှ တောင်သူလယ်သမားကြီးတစ်ယောက် ဖြစ်လာရလေသည်။

ဦးထွန်းလင်း၏ဇနီးဘက်မှ ရွှေဘို ဒိစတြိတ်အတွင်းတွင် လယ်မြေကေပေါင်း မြောက်မြားစွာ ရလိုက်သည်။ ရွှေဘိုမြို့ အနီးအနားတွင် လယ်များရှိသော်လည်း ဦးထွန်းလင်းသည် အသိမိတ်ဆွေများ ကဲ့ရဲ့မည်ကို စိုးသဖြင့် ရွှေဘိုမြို့နှင့်ဝေးရာ ရေဦး ဆပ်ဒီဗီဇံနယ်အတွင်း 'နွားများ' ရွာ၌ ရှိသော မူးရေဝင်လယ်များကို လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ (နွားများကို နများ ဟု ဖတ်ပါ။)

ထို့အပြင် နွားများရွာသူကြီးမှာ အစိုးရအလုပ်ကို လုပ်နေစဉ်ကတည်းက ဆရာရင်းတပည့်ရင်း ဖြစ်လေရာ၊ လယ်ကိစ္စတို့၌ အစစအရာရာ အကူအညီရလိမ့်မည်ဟူ၍လည်း မျှော်လင့်သည်။ ထို့ကြောင့် နွားများရွာသူကြီးသို့ အကျိုးအကြောင်း စာရေးလိုက်ပြီး၊ သူ နေထိုင်ရန်အတွက် နေရာကောင်းတစ်ခုတွင် တဲတစ်လုံးပါဆောက်ထားရန် မှာကြားလိုက်လေသည်။

mgyoe.com

mgyoe.com


(၂)

လယ်တောဆင်းရန် အချိန်မတိုင်မီ တစ်လခန့်က ကြိုတင်၍ ဦးထွန်းလင်းသည် လယ်ကိစ္စအတွက် စီမံစိုင်းပြင်းရန် တပည့်နောက်တိုးနှင့်အတူ ရေဦးမြို့သို့ မော်တော်ကားနှင့် ထွက်ခဲ့လေသည်။ ရေဦးမြို့သို့ရောက်သောအခါ နွားများရွာသူကြီးက လှည်းလွှတ်၍ ကြိုနှင့်သဖြင့် ထိုလှည်းနှင့် နွားများရွာသို့ လိုက်သွားလေရာ ညနေစောင်းအချိန်တွင် ရွာသို့ ချောချောမောမော ရောက်သွားသည်။

လှည်းသည် သူကြီးအိမ်ရှေ့၌ ရပ်လေသည်။ သူကြီးအိမ်မှာ ပျဉ်ခင်းပျဉ်ကာနှင့် တော်တော်ထည်ထည်ဝါဝါရှိသော အိမ်ကြီးဖြစ်လေရာ အောက်အရပ်အခေါ်နှင့်ဆိုလျှင် မတ်တတ်ရပ် (မဒရပ်) အိမ်မျိုးဖြစ်သည်။ ဦးထွန်းလင်း ရောက်လာသည့်အချိန်၌ သူကြီးအိမ်အောက်တွင် ယောက်ျား မိန်းမ ၂၀ ခန့် စုရုံးနေ၍ လူငယ်တစ်ယောက်က ထမင်းစားပွဲဝိုင်းကလေးအပေါ်တွင် စာရေးနေသည်။ ဦးထွန်းလင်းကို မြင်လျှင် သူကြီးသည် လူကြားထဲမှ တိုးဝှေ့လာကာ အူယားဖားယား ဆီးကြိုရင်း...

"ဝမ်းသာလိုက်တာခင်ဗျာ။ ဆရာကြီးလာမယ်ဆိုကတည်းက ကျွန်တော်တို့ ဝမ်းသာလိုက်ကြတာ တစ်ရွာလုံးက မျှော်နေကြတာပဲ။ ကြွပါခင်ဗျာ... ကြွပါ... ထမင်းလည်း အဆင်သင့်ချက်ထားပါတယ်။ ရေချိုးချင်ရင် ဟိုဘက်မှာ ရေချိုးခန်းရှိပါတယ်ခင်ဗျ"

"ကျုပ် မှာလိုက်တဲ့အတိုင်း နေဖို့ တဲထိုးမထားဘူးလား"

"ထိုးထားပါတယ်ခင်ဗျာ။ ဆရာကြီးမှာလို့သာ တဲထိုးရပါတယ်။ ကျွန်တော့်အိမ်ဟာ အကျယ်ကြီးပါ။ ဆရာကြီးနေမယ်ဆိုရင် ချောင်ချောင်ချိချိ နေနိုင်ပါတယ်ခင်ဗျာ"

"နေပါစေ... သူကြီးမင်း နေပါစေ၊ ကျုပ်က တောမှာနေရင်း

mgyoe.com

mgyoe.com


လွတ်လွတ်လပ်လပ် နေချင်တာနဲ့ တမင်မှာလိုက်တာပဲ"

"ဒါတော့ ဆရာကြီး သဘောအတိုင်းပါပဲခင်ဗျာ။ တဲကတော့ ရွာအပြင်ဘက်နားမှာ ဘုန်းကြီးကျောင်းနဲ့ မလှမ်းမကမ်း အရိပ်အာဝါသ ကောင်းတဲ့နေရာကို ရွေးထိုးထားပါတယ်။ သုံးပင်နှစ်ခန်းဆိုတော့ ဆရာကြီးတစ်ယောက်ထဲအတွက် အတော်ပါပဲခင်ဗျာ"

"တော်ပါပြီ... တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်"

"အညောင်းအညာ ဖြေပါဦးခင်ဗျာ။ ထမင်းစားပြီးမှ တဲကို သွားတာပေါ့၊ ကျွန်တော်တို့ လိုက်ပို့ပါမယ်"

ဟု သူကြီးမင်းက တားသဖြင့် ဦးထွန်းလင်းသည် သူ့အတွက် ခင်းထားသော ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ မကြာမီ ရွာသားတစ်ယောက်သည် တောဓလေ့ထုံးစံအတိုင်း အကြမ်းလက်ဖက်ရည်၊ လက်ဖက်အုပ်၊ တရုတ်မုန့်အချို့နှင့် ဆေးလိပ် မီးခြစ်များကို လာချလေရာ ဦးထွန်းလင်းသည် အကြမ်းလက်ဖက်ရည်ကို လက်ဖက်နှင့်မြည်းရင်း သူကြီးအိမ်အောက်ထပ်၌ စုရုံးရောက်နေကြသော လူတစ်စုကို တစေ့တစောင်း ကြည့်နေလေသည်။

သူကြီးသည် သူ့မူလနေရာသို့ ပြန်သွား၍ လူစုအလယ်တွင် ပုဆစ်တုပ်ထိုင်နေသော မိန်းမကလေးတစ်ယောက်ကို လှမ်းကြည့်ကာ

"ကဲ မိဖွယ်၊ နင်တို့ ဘာဖြစ်ကြတာလဲ ပြောစမ်း"

မိန်းကလေးသည် သူကြီးကို လှမ်းကြည့်လေသည်။ ထို့နောက် သူ့ပတ်ပတ်လည်၌ ဝိုင်းနေကြသော ယောကျ်ားမိန်းမများကို လှည့်ကြည့်သည်။ မိန်းကလေးမှာ ဆံတောက်သိမ်းစဖြစ်သဖြင့် ဆံတိုကလေးများမှာ နားရွက်နောက်က ထွက်နေလေသည်။ ကျေးတောသူတို့၏ ဓမ္မတာအတိုင်း အသားညိုရှာသည်။ သို့သော် သူ့ရုပ်သည်

mgyoe.com

mgyoe.com


တောသူများထဲတွင် တော်တော်ရှားသည့်ရုပ်မျိုးပဲဟု ဦးထွန်းလင်း တွေးမိသည်။ အသက်မှာ ၁၅ နှစ်ခန့်မျှသာ ရှိဦးမည်။ ရင်အုံကလေး မို့ဖောင်းဖောင်းနေပုံနှင့် ကိုယ်လက်အင်္ဂါ စိုပြည်ဝဖြိုးပုံကိုထောက်ပြီး အပျိုပေါက်စကလေး ဖြစ်ဟန်တူသည်။

မိဇွယ်၏အနားရှိ သူနှင့်ရုပ်ချင်း ဆင်တူတူရှိသော မိန်းမ တစ်ယောက်က မိဇွယ်ကို တံတောင်ဆစ်နှင့်တွန်းလိုက်ကာ "ပြော လေ..." ဟု ထောက်လိုက်မှ မိဇွယ်သည် အသက်ဝင်လာသလိုဖြစ်ပြီး

"မနေ့ညက သန်းခေါင်လောက်မှာ ကျုပ်က တပိုတပါးသွားချင် တာနဲ့ အောက်ကိုဆင်းလာတာ သူက လက်ပံပင်ကြီးအောက်က စောင့် ပြီး ကျုပ်ကို လက်ဆွဲတယ်တော့။ အတင်းအဓမ္မ ဖက်လှဲတာနဲ့ အင်္ကျီ တောင် ပြဲသွားတယ်"

မိဇွယ်၏စကားဆုံးသောအခါ ပရိသတ်၏မျက်လုံးအစုံတို့သည် မိဇွယ်နှင့် မလှမ်းမကမ်း၌ ထိုင်နေသော အသက် ၂၀ အရွယ်ခန့် လူငယ် တစ်ယောက်ကို လှမ်းကြည့်ကြလေသည်။ လူငယ်မှာ ဘိုကေကို သပ်သပ်ရပ်ရပ်ခွဲထား၍ နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်းနှင့် အတော်အဆင်ပြေသူဖြစ်ရာ မိဇွယ်နှင့်ဆိုလျှင် ရှေ့သွားနောက်လိုက် ညီပါပေသည်ဟု ဆိုရပေမည်။

သူကြီးက "ဟော့... အောင်ညွှန့်၊ မင်း ဘာပြောချင်သေးသလဲ"

"အလကားပါခင်ဗျာ၊ သူက သန်းခေါင်ကိုလာခဲ့ပါ... စောင့်နေပါ့ မယ်လို့ ခေါ်တာနဲ့ ကျွန်တော်သွားတာပဲ။ ဒါကို သူ့အစ်မ မိသွားတာနဲ့ တမင်တကာ ကျွန်တော့်ကို အမှုရှာတာပါ"

"ဟုတ်လား... မိဇွယ်။ နင်မှာတာဆို..."

"မဟုတ်ပါဘူးတော်။ ဘာကျမ်းပေးပေး ကိုင်ရဲပါတယ်"

"အလကားပြောနေတာခင်ဗျ။ ကျွန်တော်နဲ့ဖြစ်နေတာ ကြာ

mgyoe.com

mgyoe.com


လှပြီ”

မိဖွယ်အစ်မဆိုသူက ဝင်၍ “ဟဲ့... နင်နဲ့ဖြစ်နေရင် မိဖွယ်က အော်ပါ့မလား။ မိဖွယ်က အော်လို့ ကိုလူမောင်တို့၊ ကိုရွှေရတို့ ဝိုင်းလိုက်တာ နင့်ကိုမိတာပဲ မဟုတ်လား။ နင် အခုမှ ဘာငြင်းချင်ရတာလဲ”

“ကျုပ်က မငြင်းပါဘူးဗျာ။ မိတာတော့ မှန်တာပေါ့၊ ဒါပေမဲ့ ခင်ဗျားညီမက ချိန်းလို့ ကျုပ်စောင့်နေရတာ...”

“နင့်ကို ချိန်းရအောင် နင်က သူ့ရည်းစားလား...”

“ဟုတ်တယ်... ကျုပ်က သူ့ရည်းစားပဲ၊ အခုမှ လူတွေမိပြီး ရှက်လို့ တမင်လိမ်နေတာ...”

မိဖွယ်က “ဟဲ့... ငါမလိမ်ဘူးဟဲ့၊ နင့်ကို ငါ ဘယ်တုန်းကများ ကြိုက်ဖူးလို့လဲ”

သူကြီးက ဝင်၍ “တော်... တော်...၊ ကဲ အောင်ညွန့် မင်းကို မနေ့ညက လူတွေဝိုင်းဖမ်းတာ မိသွားတယ်ဆို”

အောင်ညွန့်က မျက်နှာရှုသိုးသိုးနှင့် “ဟုတ်တယ်၊ တမင် သူ့အစ်မက ထောင်အဖမ်းခိုင်းတာပဲ”

“အေး... ဘာပဲဖြစ်ဖြစ် မင်းကို အချိန်မတော်မှာ မိန်းမပျို မိန်းမရွယ်ကလေးရဲ့ အိမ်အနားမှာ မိတာကတော့ အပြစ်ရှိနေတာပဲ၊ အဲဒီတော့ ထုံးစံအတိုင်း မိန်းကလေးရဲ့အရှက်ကို လျော်ပေးဖို့က မင်းတာဝန်ရှိနေတယ်။ ဒါကြောင့် ငါတို့ဆုံးဖြတ်တာကို မင်းနားထောင်မလား၊ ဒါမှမဟုတ်ရင် တရားရုံးကိုသွားမလား။ အဲဒါသာ ပြောပေတော့”

“သူကြီးမင်းသဘောပါပဲ”

“ဒါဖြင့် အခု ကျေးရွာလူကြီးတွေ အားလုံးရှိကြတယ်။ အဲဒါ ခင်ဗျားတို့က ဘယ်လောက်ဆုံးဖြတ်ကြမလဲ”

mgyoe.com

mgyoe.com



အသက်ကြီးလူတစ်ယောက်က "အခုကိစ္စက ငကျွဲတို့၊ ဘရွှေတို့ အမှုတုန်းကနဲ့ အတူတူပါပဲ။ သူတို့အတိုင်း ငွေ ၅၀ လျော်ပြီး ငြိမ်ဝပ် ပိပြားကြစေပေါ့ဗျာ"

"ဘယ့်နှယ်လဲ... ဦးထွားကြီးပြောတာ သဘောတူကြရဲ့လား"

အခြားကျေးရွာသူကြီးများက သဘောတူကြောင်း ဝန်ခံကြသဖြင့် သူကြီးက

"ကိုင်း... အောင်ညွှန့်၊ လူကြီးတွေက ငွေ ၅၀ လျော်စေလို့ ဆုံးဖြတ်လိုက်တယ်။ မင်း ပေးနိုင် မပေးနိုင် သိချင်တယ်ကွာ"

"ပေးရတာပေါ့..."

"ဒါဖြင့် ငွေသွားယူပြီး ပေးလိုက်ပေတော့..." ဟု သူကြီးက နောက်ဆုံးဒီဂရီ ချမှတ်လိုက်သဖြင့် လူငယ်လည်း ထိုင်ရာမှထကာ အပြင်သို့ထွက်သွားလေရာ လူထုပရိသတ်လည်း တစ်ယောက်တစ်ပေါက် ပြောကြဆိုကြရင်း အလျှိုအလျှို ပြန်သွားကြလေသည်။

ဦးထွန်းလင်းသည် ကျေးရွာခုံရုံးကိုကြည့်ရင်း အလွန်သဘောကျနေလေသည်။ ဤလိုသြဇာရှိသော ခုံရုံးမျိုးကို မြန်မာပြည်အရပ်ရပ်၌ ဖွင့်၍ ဤအတိုင်း အမှုပြီးပြတ်ကြမည်ဆိုလျှင် အစိုးရရုံးများသည် အပိုလိုလိုဖြစ်၍ အမှုသည်များမှာလည်း အဘယ်မျှ ငွေကုန်လူပန်း သက်သာကြပေလိမ့်မည်နည်းဟု တွေးမိလေသည်။

ထို့နောက် ကျေးရွာလူကြီးများနှင့် အာလာပသလ္လာပ ပြောဆိုနေရင်း ထမင်းခူးခပ်ကျွေးသဖြင့် ထမင်းစားရလေရာ၊ ထမင်းစားနေခိုက် အောင်ညွှန့်ပြန်လာ၍ သူကြီးလက်ထဲ ငွေငါးဆယ် လာပေးသည်ကို တွေ့ရလေသည်။ အောင်ညွှန့်သည် ရုတ်တရက် မပြန်သေးဘဲ လူကြီးများနှင့် အတူထိုင်၍ စကားပြောနေသည်။ ဦးထွန်းလင်းသည် ဘာမဆို ခရေစေ့တွင်းကျ သိလိုသူဖြစ်သဖြင့် အောင်ညွှန့်ကို ထမင်းစားပွဲနားသို့

mgyoe.com

· mgyoe.com



လှမ်းခေါ်ကာ စောစောကအမှု အကျိုးအကြောင်းကို မေးလေသည်။

"ဟော့... မောင်အောင်ညွန့် လာပါဦးကွ...၊ ထိုင်ပါဦး မင်းတို့ဟာက ဘယ်လိုဖြစ်ကြတာလဲ"

အောင်ညွန့်သည် ထမင်းစားပွဲနှင့် မနီးမဝေးသို့ ရွှေ့ထိုင်ပြီး

"အလကားပါ ဆရာကြီးရယ်၊ ကျွန်တော်နွားကျလို့ ပြောရမှာတောင် ရှက်ပါသေးတယ်"

သူကြီးက ဝင်၍ "ဒီလို... ဆရာကြီးရဲ့၊ ကျွန်တော်တို့ရွာမှာ ထုံးစံတစ်ခုထားတယ်။ ယောကျ်ားကလေးနဲ့ မိန်းမကလေး ချစ်ကြိုက်ကြလို့ ဘာဖြစ်နေနေ.... မိဘမောင်ဘွား မသိစေရဘူး။ သိဦးတော့ မမြင်စေရဘူးခင်ဗျ။ မြင်သွားလို့ ယောကျ်ားကလေးကို ဖမ်းမိသွားတယ်ဆိုရင် မိန်းမကလေးကို အရှက်ခွဲတယ်ဆိုပြီး ရွာခုံရုံးမှာ တိုင်ကြားနိုင်တယ်။ ဒီအခါမှာ မိန်းမကလေးကို ခုံရုံးက မေးတယ်။ မင်းက ချိန်းလို့ ယောကျ်ားကလေး လာရတာလား..။ ဒါမှမဟုတ် ယောကျ်ားကလေးက သူ့အလိုအလျောက် လာချောင်းတာလားလို့ မေးတဲ့အခါ ကျွန်မချိန်းလို့ လာတာ မဟုတ်ပါဘူးဆိုရင် ခုံရုံးက ယောကျ်ားကလေးကို လျော်ကြေးပေးခိုင်းတယ်။ ရှေးတုန်းကတော့ အနည်းဆုံး တစ်ရာပေးရတာပေါ့ခင်ဗျာ။ အခုခေတ်တော့ ငွေကြေးရှားတဲ့အတွက် ငါးဆယ်လောက်ပဲပေးရင် မိန်းမကလေးက ကျေနပ်သွားပါတယ်။ မိန်းမကလေးက ချိန်းလို့ ဖမ်းမိတာမျိုးဆိုရင် လျော်ကြေးပေးဖို့ မလိုဘူးခင်ဗျ"

"ဒါဖြင့် အောင်ညွန့်က မိဗွယ်ချိန်းလို့ လာရတာပါ အဆိုသားကပဲ၊ သူ့ဘက်က အထောက်အထား သက်သေပြခဲ့ရင် သူကြီး မင်းတို့က စစ်ရမယ်မဟုတ်လား"

"အဲဒီလို တရားခံဘက်က သက်သေမပြနိုင်အောင်၊ ပြရင်လည်း အရာမရောက်အောင် မိန်းကလေးတွေက ဘယ်လောက် ချစ်ကြိုက်တဲ့

mgyoe.com

mgyoe.com



ရည်းစားဖြစ်နေပါစေ၊ လူကြီးတွေမိရင်ဖြင့် လာကြပါတော့... လာကြပါတော့... နဲ့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား နင်းကန်အော်ပစ်တာပေါ့၊ ဒီတော့ မိန်းကလေးအော်တာကို ထောက်ပြီး မိန်းကလေးက ချိန်းစေကာမူ ချိန်းတာမဖြစ်နိုင်တော့ဘူးဆိုတာ ထင်ရှားနေတာပေါ့ခင်ဗျာ"

"ဩော်... ဩော်..."

"အခု မိဖွယ်တို့ အမှုမှာလည်းပဲ မိဖွယ်အော်လို့ ကိုဘိုးလူ၊ ကိုရွှေရတို့ ဝိုင်းဖမ်းကြတယ်။ မိဖွယ်အော်သံကို ကိုဘိုးလူတို့၊ ကိုရွှေရတို့ ကြားတယ်။ ဒီတော့ အောင်ညွန့်က မိဖွယ်ချိန်းလို့ လာရတာပါလို့ အထောက်အခံ သက်သေပြဦးတော့ အရာမရောက်ဘူး မဟုတ်လားခင်ဗျာ"

"အင်း... ပိရိပါပေတယ်။ ပိရိပါပေတယ်..."

"ကျွန်တော်တို့ရွာများမှာ ဒီလိုဖက်လဲတကင်းလုပ်တဲ့ လက်ရောက်မှုတို့၊ အိမ်တက်မှုတို့ဆိုတာ အလွန်များတယ်။ ဒါကြောင့် အခါခပ်သိမ်း တရားရုံးကိုသွားနေရမယ်ဆိုရင် အိမ်အလုပ်တွေ လစ်ဟင်းရချည်ရဲ့ဆိုပြီး ကျွန်တော်တို့ရွာမှာဖြင့် မိဘဘိုးဘွားလက်ထက်ကတည်းက ရွာခုံရုံးနဲ့ ပြီးပြတ်တန်တာ ပြီးပြတ်အောင် အစဉ်အလာ လုပ်ပေးထားခဲ့ပါတယ်။ အဲဒါကို ယောကျ်ားကလေးတွေက နွားကျပြီး မိန်းမကလေးရဲ့ လက်ခုပ်ထဲရောက်သွားရင်ဖြင့် သူတို့ထိုက်နဲ့ သူတို့ကံခေါင်းငုံ့ခံရှာကြပါတယ်ခင်ဗျာ။ အစဉ်အလာကို ချိုးဖောက်လေ့ မရှိပါဘူး"

"အင်း... အင်း... တော်ပေတယ်၊ တော်ပေတယ်။ ကိုင်း... မောင်အောင်ညွန့်၊ မင်းတို့ဖြစ်ပုံ ပြောစမ်းပါဦး"

သူကြီးကပင် ဝင်၍ "ဟာ... ဒီကောင်မကလေးက အလကားဟာမကလေးပါခင်ဗျာ။ ရွာမှာ အဆော့ဆုံး အပျံဆုံးပါပဲ။ ရုပ်ကလေး

mgyoe.com

mgyoe.com


သနရုပ္ပနဲ့ အတွင်းက ပိုးထိုးခြံကိုက်... အတော်အမြင်ကတ်စရာကောင်း ပါတယ်။ သူ့အစ်မတုန်းကလည်း ဒီအတိုင်းပဲ၊ ဆရာကြီး မြင်လိုက် သေးတယ် မဟုတ်လား။ မိဗွယ်အနားမှာ ထိုင်နေတာ သူ့အစ်မ မိနွယ် ပေါ့။ သူတို့က ညီအစ်မသုံးယောက်ရှိတယ်။ မိသွယ်ဆိုတာက အကြီး ဆုံး...။ သူ့ယောကျ်ားက မောင်ကျောက်လုံးတဲ့။ မိသွယ်တော့ မနှစ်က ကလေးမွေးရင်း ဆုံးရှာပြီ။ ကျောက်လုံးလည်း နို့စို့ကလေးလေး တစ်ယောက်နဲ့ ဒုက္ခကို ရောက်နေတာပါပဲ။ မိသွယ်အောက်က မိနွယ်။ မိသွယ်ကတော့ တော်ပါတယ်။ မိနွယ်ကျတော့ မပြောပါနဲ့တော့ခင်ဗျာ။ ပျံလိုက် ကမြင်းလိုက်တာ ယောကျ်ားတွေ လက်ဖျားခါယူရတာပါပဲ။ ခုံရုံးရောက်လာတာလည်း ငါးကြိမ်ထက် မနည်းပါဘူး။ သူ့အကျင့်က လူကြီးမမိရင် ခြေဆင်းရောထိုင်ပေါ့ခင်ဗျာ။ မိလိုက်ရင်ဖြင့် မသက်သာ ပါဘူး။ တစ်ရွာလုံး ပွက်လောရိုက်အောင်ဆူပြီး တစ်ခါတည်း ခုံရုံး ပြေးလာတာပါပဲ။ အခုတော့ ဖိုးစိနဲ့ရတာနဲ့ ငြိမ်သွားပြီ။ သူ ငြိမ်လို့မှ မကြာသေးဘူး။ သူ့ညီမ မိဗွယ်က ထလာပြန်ပြီ။ နိုင်ငံရေးဆရာတွေ ပြောသလို တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက် ထင်ပါရဲ့။ ခက်တာက မိဗွယ် က ရှိလှရင် ၁၅ နှစ်လောက် ရှိဦးမယ်။ ဒီတော့ ရွာထဲမှာ တော်တော် ကြာကြာ သောင်းကျန်းဦးမယ် ဆိုပါတော့လေ...၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အစ်မလို လင်မရမချင်း ငြိမ်ငြိမ်နေဦးမယ် မထင်ဘူး။ လင်ရမှ ဦးကျိုးတော့မှာပဲ၊ ဒါကို ယောကျ်ားကလေးတွေက သိလျက်သားနဲ့ မရှောင်နိုင်ကြရင် သူတို့အပြစ်လို့ ဆိုရမှာပေါ့ခင်ဗျာ။ ဟော့... အောင်ညွှန့် မင်းတို့ဖြစ်ပုံကို ဆရာကြီး ပြောပြလိုက်စမ်းပါကွ"

အောင်ညွှန့်မှာ သူတို့အကြောင်းကို အလွန်ပြောချင်နေသည့် အတိုင်း သူကြီးက ခွင့်ပေးလိုက်သောအခါ "အင်း... ဟင်း... ဟင်း" ဟု အာခေါင်ရှင်းပြီး ခရေစေ့တွင်းကျ ပြောပြလေသည်။

mgyoe.com

mgyoe.com


"သူကြီးမင်း ပြောတဲ့အတိုင်း ဒီကောင်မကလေးဟာ သိပ်ပျံတာ နဲ့တာပါခင်ဗျာ။ ငယ်ငယ်ကလေးကတည်းက အကျင့်ကို ကောင်းတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ငယ်ငယ် လုံချည်ကွင်းသိုင်းပြီး ဆော့နေ ကြတုန်းက မိဖွယ်က အသက် ၉ နှစ်လောက် ရှိပါဦးမယ်။ အပျိုတော့ မဖြစ်သေးပါဘူး။ ဒီကတည်းက အလွန်ဆိုးတယ်။ ယောကျ်ားကလေး တွေ နွားကျောင်းသွားရင် သူလိုက်လာတာပဲ၊ တောဝင်မယ်ဆိုလည်း ငါလည်းလိုက်ခဲ့မယ်ဟေ့ဆိုပြီး လိုက်လာတာပဲ။ ရွာထဲမှာ ကလေးချင်း ကစားကြရင် သူက ဘယ်တော့မှ မိန်းကလေးအချင်းချင်း မကစားဘူး။ ယောကျ်ားကလေးတွေနဲ့ လာကစားတယ်။ ယောကျ်ားကလေးတွေနဲ့ တွဲနေရမှ သူ ကျေနပ်တယ်ခင်ဗျ။ သူ့အသက် ၁၃ နှစ်လောက်မှာ အပျိုဖြစ်တယ်။ ဒါကို တိတ်တိတ်ငြိမ်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့ ယောကျ်ားကလေးတွေကို လာပြောပြီး အပျိုဖြစ်တာ ဘယ်လိုနေတယ်။ ဘာဖြစ်တယ်။ ဘာပေါက်တယ်နဲ့ စုံနေတာပါပဲဗျာ။ ရှက်စရာတွေ လာပြောလိုက်တာ...။ ကျွန်တော်တို့ကလည်း ဟိုတုန်းက လူရည် မလည် မနူးမနပ်တွေဖြစ်တော့ သူ့ကို ဘယ်လိုမှ မအောက်မေ့မိပါဘူး။ ဒါနဲ့ အပျိုဖြစ်လို့မှ တစ်လလောက်ရှိပါဦးမယ်။ တစ်နေ့ကျတော့ ကျွန်တော်တို့အထဲမှာ လူရည်အလည်ဆုံး လှပေါ်ကြီးနဲ့ ဖြစ်နေကြတာ ကိုး။ ကျွန်တော်တို့ လူငယ်တစ်စုကလည်း လူပျိုပေါက်တွေ ဖြစ်လာကြ ပေမယ့် ကလေးစိတ်က မကုန်သေးတော့ အဲဒီနေ့မှာ တူတူပုန်း ကစား ကြတယ်ခင်ဗျ။ ဒါနဲ့ စံရင်က မျက်စိမှိတ်၊ ကျွန်တော်တို့က လှပေါ်ကြီး တို့ စပါးတိုက်ထဲ ပြေးအပုန်းမှာ၊ လား... လား... သူတို့နှစ်ယောက် အတူအိပ်နေတာကို မိပါလေရော၊ ဦးဆုံးတော့ ကျွန်တော်တို့က ကြည့် ကောင်းကောင်းရှိတာနဲ့ ချောင်းကြည့်နေပါသေးတယ်။ အတော်ကြာ ကျွန်တော်တို့အထဲက မိုက်ကန်းကန်း အကောင်တစ်ကောင်က အထဲ

mgyoe.com

mgyoe.com


ဝင်သွားပြီး သူလည်း မိဖွယ်နဲ့အိပ်ချင်တယ်။ မအိပ်ရရင် လူကြီးတွေ တိုင်မယ်နဲ့လုပ်တော့ မိဖွယ်နဲ့လှပေါကြီးတို့ ဘယ်နေနိုင်ပါတော့မလဲ။ အခွင့်ပြုလိုက်ရတာပေါ့ခင်ဗျာ။ ကျွန်တော်တို့အားလုံး အကုန်ပါကြ တယ် ဆိုပါတော့။ အဲဒီနေ့ကစပြီး မိဖွယ်လည်း ကျွန်တော်တို့လူစုနဲ့ တစ်လှည့်စီဖြစ်နေကြတာ... နောက်ဆုံးတော့ ကျွန်တော့်ကို သူ တကယ် ချစ်နေပြီ။ တခြားလူတွေဆီ မသွားတော့ပါဘူးလို့ဆိုပြီး ကျွန်တော့်ကိုပဲ ကပ်နေတာနဲ့ ကျွန်တော်လည်း အလိုက်အထိုက် နေလိုက်ရပါတယ်။ မနေ့ကတော့ ကျွန်တော်နဲ့ဖြစ်နေတာကို သူ့အစ်မ မိသွားပြီး လှပေါကြီး တို့ လူစုက မနာလိုတာနဲ့ သူ့အစ်မကို တိုင်ကြတယ်။ ဘယ့်နှယ်လုပ် မလဲလို့ မေးလာပါတယ်။ ကျွန်တော်လည်း ကြံရာမရတာနဲ့ ငါလည်း မသိဘူးလို့ ပြောလွှတ်လိုက်တာပဲ။ ဒါကို သူက မကျေနပ်တာနဲ့ တဖြည်းဖြည်းစဉ်းစားထားပြီး ညဉ့်သန်းခေါင်ကို လာရမယ်လို့ ချိန်း လိုက်တယ်။ ကျွန်တော်ကလည်း ခါတိုင်းလို အောက်မေ့လို့ ပေါ့ပေါ့ ဆဆ သွားမိတာပါပဲ။ ကျွန်တော် အနားကိုလည်းရောက်ရော မိဖွယ်က ကျွန်တော့်လက်ကို ဖမ်းဆွဲထားပြီး။ 'လာကြပါ... လာကြပါ... အောင်ညွန့် ကျွန်မကို လာဆွဲပါတယ်' လို့ အော်တော့တာပါပဲ။ ကျွန်တော် အတင်းရုန်းတာနဲ့ မိဖွယ်အင်္ကျီတောင် ပြဲသွားပါသေးတယ်။ ဒါပေမဲ့ သူက အကြံဦးသွားတော့ သူ့အစ်မက ကိုဘိုးလူနဲ့ ကိုရွှေရတို့ကို ခေါ်လာပြီး အသာကလေး ဖမ်းလိုက်တာပါပဲ"

အောင်ညွန့်သည် စကားပြောဆုံးသည်နှင့် တစ်ပြိုင်နက် ဖူးကနဲ သက်ပြင်းမှုတ်ထုတ်လိုက်လေသည်။ သူ့အသံနှင့်အတူ ဦးထွန်းလင်းက လည်း ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"တော်တော်ဆိုးတဲ့ ဟာမကလေးပါကလား" ဟူ၍လည်း မှတ် ချက်ချလိုက်သေးသည်။

mgyoe.com

mgyoe.com


သူကြီးကဝင်၍ "ကျွန်တော်တို့လည်း ဒီကောင်မကလေး အကြောင်း နားလျှံနေအောင် ကြားနေရတာပါပဲခင်ဗျာ။ ဒါပေမဲ့ ကိုယ်နဲ့ မဆိုင်တော့ မဆုံးမပိုင်ဘူးပေါ့"

"သူကြီးမင်းက ပိုင်ချင်သေးထင်ပါရဲ့၊ ဟဲ... ဟဲ"

"မလုပ်ပါနဲ့ခင်ဗျာ အိတ်ထဲက ငွေငါးဆယ် အချောင်ထွက်နေပါဦးမယ်" ဟု ပြောကာ သူကြီးမှာ ဦးထွန်းလင်း လှောင်လိုက်သည်ကို အလွန်သဘောကျသဖြင့် တဟားဟား ရယ်နေလေသည်။

ထို့နောက် သူကြီးသည် ရယ်ရလွန်းသဖြင့် ထွက်လာသော မျက်ရည်များကို လုံချည်စနှင့်ငုံ့သုတ်ရင်း "မိဖွယ်တော့ အတော် နာမည်ပျက်သွားပြီ။ ယောကျ်ားကလေးတွေတော့ သူ့အနား ကပ်ရဲကြတော့မယ် မဟုတ်ဘူး။ ကပ်ရဲတဲ့ယောကျ်ားဆိုရင်လည်း သူ့အကြောင်း မသိလို့ရင် လည်းဖြစ်ရမယ်။ ဒါမှမဟုတ် သူ့ထက်လည်လို့ရင်လည်း ဖြစ်ရမယ်။ မဟုတ်ဘူးလားဟေ့... အောင်ညွှန့်၊ မင်း ပြန်ကပ်ရဲပါဦးမလား"

"တော်ပါပြီခင်ဗျာ၊ ငွေငါးဆယ်ဆိုတာ တစ်နွေတစ်မိုး မနည်း ရှာရတာခင်ဗျ"

ဦးထွန်းလင်းက "ဒါထက်... သူကြီးမင်း၊ ကျုပ်လယ်ကိုလုပ်ဖို့ လူငှား မရသေးဘူးဗျ၊ လူက ရှစ်ယောက် ဆယ်ယောက်လောက် လိုလိမ့်မယ်။ မနှစ်က ကျုပ်လုပ်မယ့်လယ်တွေကို သီးစားယူတဲ့ လူ လေးငါးယောက်ကတော့ ကျုပ်ကိုယ်တိုင်လုပ်ရင် သူတို့က လူငှားလုပ်ပါ့မယ် ပြောကြတာနဲ့ နောက်ထပ်လိုရင် အနည်းဆုံး သုံးယောက် လောက်တော့ လိုမှာပဲ။ အဲဒါ လုပ်ချင်တဲ့လူများရှိရင်..."

သူကြီးက "ဟေ့... အောင်ညွှန့်၊ မင်း အလုပ်ရပလား"

"မရသေးဘူးခင်ဗျ"

"ဒါဖြင့် အတော်ပဲ၊ ဆရာကြီးဆီ ဝင်လုပ်ပါလားကွာ။ အခ

mgyoe.com

mgyoe.com


ကတော့ သူများနည်းတူပေါ့"

"လုပ်တာပေါ့ဗျာ၊ မိဇွယ်ကို ပေးလိုက်ရတဲ့ ငွေငါးဆယ် ပြန်စု ရဦးမယ်"

"နောက်တစ်ယောက်ကတော့ မိဇွယ်အစ်မ မိသွယ်ရဲ့ယောက်ျား မောင်ကျောက်လုံးက လူငှားလိုချင်တဲ့လူများရှိရင် သူ့ကိုငှားပါလို့ လာမှာထားတယ်။ ကျောက်လုံးက တော်တော်ရိုးပါတယ်။ အလုပ်လည်း လုပ်တယ်။ စိတ်လည်းချရပါတယ်"

"သူကြီးမင်းက ကောင်းတယ်ဆိုရင် ကျုပ်က ငြင်းနေစရာမရှိပါဘူး"

"နွားတွေကော... ဆရာကြီး"

"မနှစ်က ကျုပ်လယ်တွေမှာလုပ်တဲ့ သီးစားတွေဆီမှာ ကျုပ်ပေးထားတဲ့ နွားတွေရှိတယ်။ မနက်ဖြန် သန်ဘက်ခါလောက် သူတို့ရောက်လာမှာပဲ၊ နွားတွေ ပါလာလိမ့်မယ်။ ဒါကြောင့် ကျုပ်တဲနဲ့ မနီးမဝေးမှာ နွားတွေအတွက် တင်းကုပ်ရယ်၊ လုပ်သားတွေအတွက် တဲတန်းလျားရယ် နောက်ထပ်ထိုးရပေလိမ့်မယ်ဗျ၊ ထိုးဆို မနက်ဖြန် အပြီးလုပ်ချင်တာပဲ"

"ဒါကတော့ ဆရာကြီးသဘောအတိုင်း ဖြစ်ရပါစေမယ်"

"နေပါဦး... သူကြီးမင်းရဲ့၊ ကျုပ် လယ်လုပ်တာကို ဘုတ်အဖွဲ့က ကန့်ကွက်နေဦးမှာလား"

"ဒါတွေ မပူစမ်းပါနဲ့ခင်ဗျာ၊ ကျွန်တော်တစ်ယောက်လုံး ရှိနေမှပဲ"

"ကောင်းပါလေရဲ့ဗျာ၊ ကိုင်း... ကျုပ်လည်း တဲထိုးသွားချင်ပြီ။ လိုက်ပို့ကြပေတော့" ဟု ပြောပြောဆိုဆို ဦးထွန်းလင်း နေရာမှ ထသဖြင့် သူကြီး၊ အောင်ညွှန့်နှင့် အခြားရွာသားသုံးလေးယောက်

mgyoe.com

mgyoe.com


တို့သည် ဦးထွန်းလင်းကို သူပိုင်တဲဆီသို့ လိုက်ပို့ကြလေသည်။

(၃)

ဦးထွန်းလင်းအတွက် ထိုးထားသောတဲမှာ သုံးပင်နှစ်ခန်းဟု ဆိုရသော်လည်း အိမ်နောက်ဖေးဘက်သို့ ရှည်သွားသဖြင့် အိမ်တွင်း၌ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း စသည်ဖြင့် အခန်းများ ဖွဲ့လျက်ရှိလေသည်။ နွားများရှာသူကြီး၏ စေတနာကြောင့် စားပွဲ၊ ကုလားထိုင်၊ ခုတင်များ အဆင်သင့်ရောက်နေသည်။ အိမ်ရှေ့တွင် အိမ်အမိုးနှင့် ဆက်စပ်လျက် ကန္နားဖျင်းတစ်ခု ထိုးထားရာ အမိုးမှာ ထန်းရွက်နှင့် မိုးထားသဖြင့် နွေအခါသာဆိုလျှင် အလွန်အေးမြမည့် အိမ်ကလေးဖြစ်လေသည်။ အမှန်စင်စစ် ရေဦးမြို့နယ် ဒေသတစ်ဝိုက်မှာ မိုးမှန်လေ့မရှိ။ ရွာချင်သည့်အခါ ရွာ၍ မရွာချင်လျှင် တစ်နှစ်တစ်မိုးလုံး မရွာဘဲ မိုးခေါင်နေတတ်လေရာ၊ မူး–တူးမြောင်းသာ မရှိခဲ့လျှင် ထိုဒေသရှိ တောင်သူလယ်သမားများမှာ နှစ်စဉ်နှစ်တိုင်းလိုလို အခက်အခဲနှင့် ကြုံတွေ့ရမည်မှာ သေချာလျက်နေလေသည်။ ထို့ကြောင့် မူး–တူးမြောင်းကို အမှီပြု၍ ထိုဒေသရှိလယ်များကို ရေဝင်နှင့် မိုးကောင်းဟု နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ ရေဝင်လယ်ဆိုသည်မှာ မိုးခေါင်သော်လည်း မူးရေကို အမှီပြု၍ စပါးစိုက်နိုင်သော လယ်မျိုးဖြစ်သည်။ မိုးကောင်းလယ်များမှာ မူးတူးမြောင်းနှင့်ဝေးသဖြင့် မူးရေကို မရနိုင်၊ မိုးကောင်းကောင်းရွာပေးမှ လုပ်နိုင်သော လယ်များဖြစ်သည်။ ဦးထွန်းလင်းလုပ်မည့် လယ်များမှာ ရေဝင်လယ်များဖြစ်သဖြင့် မိုးခေါင်စေကာမူ လယ်မလုပ်ရမည် မပူရ။ မူးရေကိုအားကိုး၍ အသေအချာလုပ်ရမည့်လယ်များ ဖြစ်လေသည်။

မိုးခေါင်သည့်နှစ်များတွင် ရေဦးနယ်သည် တော်တော်ကလေး အပူရှိန်ကြီးသောနယ် ဖြစ်လေသည်။ ထို့ကြောင့် ဦးထွန်းလင်းသည်

mgyoe.com

mgyoe.com


မြင့်မားသော သရက်ပင်ကြီးများ၏ အရိပ်အာဝါသအောက်၌ ထန်းရွက်မိုးပြီး ထိုးထားပေးသော သူ့တဲကိုကြည့်၍ အတော်ကျေနပ်နေလေသည်။ ဦးထွန်းလင်း ရောက်လာသည့်အချိန်၌ သရက်ပင်များမှာ အပွင့်အဖူးတွေ ဝေဝေဆာဆာနှင့် ရှိနေသည်သာမက အချို့အပင်များမှာ သရက်ကင်းကလေးများပင် သီးနေလေပြီ။ တဲ၏ သုံးဖက်သုံးတန်တွင် နေရောင်အောက်၌ ရွှေရောင်ထနေသော ဦးထွန်းလင်းပိုင် လယ်ကွက်ကြီးများမှာ မျက်စိတဆုံး မိုးတဆုံး ရှိပါလေသည်။ တဲရှေ့သို့ထွက်ကြည့်လိုက်လျှင် ခဲတစ်ပစ်အကွာလောက်၌ ရွာသို့ဝင်ရန် လမ်းရှိ၍ ထိုရွာလမ်း၏ အဆုံးတွင် ရေမြေကောင်းလှသဖြင့် စိမ်းစိမ်းစိုစိုနှင့် ပျော်စချင့်ဖွယ်ရာကောင်းလှသော ဘုန်းကြီးကျောင်းပရဝုဏ် ရှိလေသည်။ ကျောင်းဝင်းမှာ သစ်ရွက်ခြောက်ကလေးမျှ မရှိအောင် သန့်ရှင်းစင်ကြယ်လှသည်။ ကျောင်းအဝင်၌ အင်္ဂတေကိုင်ထားသော ရေတွင်း၊ ရေတွင်းပေါ်မှ ရေငင်ရန် မောင်းကြီးရှိ၍ ရေတွင်းအနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် သရက်၊ ပိန္နဲ၊ ထောက်ရှာ၊ မာလကာ၊ ငှက်ပျော စသောအပင်များ ဝေဝေဆာဆာ ပေါက်နေကြသည်။

ရွှေဘိုမြို့ပေါ်၌ ဖုတ်တထောင်းထောင်း၊ ယင်ကောင်တလောင်းလောင်းနှင့် နေခဲ့ရသော ဦးထွန်းလင်းအဖို့မှာ ထိုဒေသကလေးသို့ရောက်လာရသဖြင့် အရှင်လတ်လတ် နတ်ပြည်ပို့လိုက်သည်နှင့် တူနေလေသည်။ အမယ်ကြီးများပါလာလျှင် ဘယ်လောက်ပျော်ပါလိမ့်မလဲ။ သူ့အတွက်မှာမူ အမယ်ကြီး လိုက်လာသည်ဖြစ်စေ၊ မလိုက်လာသည်ဖြစ်စေ မိုး လေးလတော့ တောခိုနေတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် သူကြီးနှင့်လူတစ်ယောက် ဦးထွန်းလင်းထံသို့ ပေါက်လာကြသည်။ သူကြီးနှင့် ပါလာသူမှာ ထိုအရပ်ရှိ

mgyoe.com

mgyoe.com


ဆင်းရဲသား တောင်သူလယ်သမားတို့၏ ထုံးစံအတိုင်း အင်္ကျီမပါ ဗလာကိုယ်ထည်ဖြစ်၍ ချည်လုံချည်တစ်ထည်ကို ဒူးဆစ်နားထိအောင် ဝတ်ထားပြီး တစ်ထည်ကို ပခုံးထက်၌ တင်ထားသည်။ ကိုယ်လုံးကိုယ်ထည်မှာ တုတ်တုတ်ခိုင်ခိုင်ရှိပြီး အလုပ်ကြမ်းလုပ်ရသော တောသူတောင်သားတို့၏ ဓမ္မတာအတိုင်း ရင်အုံများမှာ မောက်၍ လက်မောင်းကြွက်သားများမှာ လုံးနေရာ သူ့ကိုပြ၍ ဒါဟာ ဗမာလူမျိုးပါပဲဟု နိုင်ငံခြားသားတို့ရှေ့၌ အသားယူ၍ ကြွားချင်စရာကောင်းသူ ဖြစ်လေသည်။ သို့သော်လည်း မျက်နှာမှာ ချောသည် လှသည် မဆိုနိုင်၊ အသားအရေကြမ်းတမ်းပြီး တောသားရုပ်ပင် ပေါက်နေလေရာ အထူးသဖြင့် ဘယ်နံ့ရောအခါကမျှ ဖိနပ်မစီးခဲ့သောကြောင့် ခြေဖနောင့်နှင့် ခြေချောင်းများတွင် ပပ်ကြားအက်များကို အတိုင်းသား မြင်နေရသည်။

သူကြီးနှင့် ထိုလူသည် ကန္နားဖျင်းအောက်ရှိ ကွပ်ပျစ်ပေါ်၌ ထိုင်၍ မလှမ်းမကမ်းတွင်ပင် ပက်လက်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်နေသော ဦးထွန်းလင်းအား သူတို့လာသည့်အကြောင်းကို ပြောပြလေသည်။

"ဟောဒါ ကျွန်တော် ညနေကပြောတဲ့ မောင်ကျောက်လုံးဆိုတဲ့ လူပါပဲ။ ဆရာကြီးသဘောကျရင် ငှားဖို့ပါပဲခင်ဗျာ"

"သြော်... မိဖွယ်ရဲ့ ခဲအိုဆိုတာလား"

မောင်ကျောက်လုံးက မိဖွယ်၏နာမည်ကို ကြားသည့်အခါ ပြုံးလေသည်။

"သူကြီးမင်းက သင့်တော်လို့ခေါ်လာတာ ကျုပ်က ငြင်းစရာ မရှိပါဘူး"

"မောင်ကျောက်လုံးက ဆရာကြီးကို အစီရင်ခံစရာရှိပါသေးတယ်လို့ ပြောတာနဲ့ ခေါ်လာရတာပါ။ ဆရာကြီးလည်း သူ့ကို မြင်ဖူး

mgyoe.com

mgyoe.com


တယ်ရှိအောင်လို့..."

"မောင်ကျောက်လုံးက ဘာများပြောချင်လို့လဲ၊ အခကတော့ သူများနည်းတူ ရရမှာပေါ့"

"အခကြေးငွေကြောင့် မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် လူငှား လုပ်ချင်ပေမယ့် ညတော့ ဆရာကြီးဆီမှာ မအိပ်နိုင်တဲ့အကြောင်း ပြောချင်လို့ပါ" ဟု မောင်ကျောက်လုံးက မရဲတရဲနှင့် ပြောလေသည်။ ဦးထွန်းလင်းမှာ မောင်ကျောက်လုံးပြောသည်ကို နားမလည်သဖြင့်

"ဘယ့်နှယ်..."

သူကြီးမင်းက ဝင်၍ "ဒီလိုပါ ဆရာကြီးရဲ့၊ လူငှားဆိုတော့ လုပ်ငန်းဝင်တာနဲ့ တစ်ပြိုင်နက် ငှားတဲ့လူရဲ့အိမ်မှာ နေ့ရောညရော နေရပါတယ်။ ငှားတဲ့လူကပဲ သူတို့ကို ထမင်းကျွေးထားရတယ်ခင်ဗျ။ ဒီက မောင်ကျောက်လုံးက သူ့မိန်းမဆုံးသွားလို့ ကလေးပေါက်စ ကလေးနဲ့ တိုးလို့တွဲလဲ ဖြစ်နေတာကြောင့် နေ့ကိုအလုပ်ဆင်း ညကို ပြန်အိပ်ပါရစေလို့ အခွင့်တောင်းနေတာပါ"

"ဩော်... ဩော်...၊ မောင်ကျောက်လုံးက ဒီရွာထဲမှာနေတယ် မဟုတ်လား"

"မှန်ပါတယ်"

"ဒါဖြင့် အိမ်နဲ့လယ်ခင်းနဲ့ ဘာဝေးတာမှတ်လို့ကွယ်။ အိမ်ပြန် အိမ်ချင်ရင် အိပ်တာပေါ့"

သူကြီးမင်းက "မဟုတ်သေးဘူး... ဆရာကြီးရဲ့၊ ဒီအရပ်က လယ်တွေဟာ မိုးရေကို အားကိုးနေရတော့ ရေလွှတ်ပေးတဲ့ ညအချိန်မှာ ရေကို စောင့်ငင်ကြရတယ်။ ရေငင်တယ်ဆိုတာ ဝါတာကွတ်ခေါ်တဲ့ မြောင်းကလေးတွေမှာ ရေလာမလာ၊ လာခဲ့ရင် လယ်ကွက်ထဲကို လိုသလောက်ရေ ရ၊ မရ စောင့်ကြည့်ရတယ်ခင်ဗျ။ ဒါကြောင့် ညအချိန်

mgyoe.com

mgyoe.com


ဟာ တော်တော်ကလေး အရေးကြီးတယ်”

“သြော်... ဒီလိုလား၊ တခြားလူငှားတွေ လုပ်ကြလိမ့်မပေါ့”

“ဟိုလူတွေက ကျေနပ်ချင်မှ ကျေနပ်ဦးမှကိုး”

“ဒီလိုဆိုရင် ဟိုလူတွေထက် လခလျှော့ယူပေါ့ကွယ်”

“ဒီလိုလည်း မောင်ကျောက်လုံးက မရချင်ဘူးခင်ဗျ၊ သူ့မှာ မိုးလေးလကို အင်တိုက်အားတိုက် လုပ်ထားပါမှ တစ်နှစ်လုံးအတွက် ဝမ်းစာ ဖူလုံနိုင်တာ...၊ အခလျှော့ယူရရင် နောင်အခါ ဒုက္ခရောက်မှာကို မြင်ပါသတဲ့။ အမှန်စင်စစ်တော့ တောင်သူလယ်သမားဟာ မိုးလေးလပဲ အားကိုးစရာရှိတာပဲ ဆရာကြီးရဲ့”

“အင်း... သူကြီးမင်းပြောတာ အမှန်သားပဲ၊ ကိုင်း... လုပ်ခ အပြည့်နှင့် ညဥ့်အိမ်ပြန်ဖို့အခွင့် ကျုပ်ပေးလိုက်မယ်။ ဟိုလူတွေအတွက်တော့ ကျုပ်တာဝန်ထားတော့၊ ဒါထက် မောင်ကျောက်လုံး ကလေးက ဘယ်အရွယ်ရှိပလဲ”

“တစ်နှစ်သားပဲ ရှိသေးတယ်ခင်ဗျာ့”

“ငယ်ငယ်ရှိပါသေးကလား။ နေ့လယ်နေ့ခင်းတော့ ဘယ်သူနဲ့ နေခဲ့မလဲ”

“မိဖွယ် ထိန်းပေးပါလိမ့်မယ်”

“သြော်... သြော်... ကလေးက နေပါ့မလား”

“မိဖွယ်က သူ့အစ်မကလေးဆိုပြီး အလွန်ချစ်တာ... သူ့အစ်မ ဆုံးသွားပြီးကတည်းက ကလေးဟာ သူ့လက်ပေါ်မှာချည်းပါပဲ။ ကျွန်တော် ထိန်းရတယ် မရှိပါဘူး”

“ဒီလိုတော့ မိဖွယ်က အတော်သားပဲ” ဟု ဦးထွန်းလင်းက မှတ်ချက်ချလေရာ သူကြီးရော မောင်ကျောက်လုံးပါ ဦးထွန်းလင်း ပြောလိုသော ရည်ရွယ်ချက်ကို ရိပ်မိလိုက်သဖြင့် နှစ်ယောက်စလုံး

mgyoe.com

mgyoe.com


ပြုံးနေကြလေသည်။

ထို့နောက် အခြားစကားများကို ထွေရာလေးပါး ပြောနေကြဆဲ သူကြီး၏ စီမံခန့်ခွဲချက်အရ နွားတင်းကုပ်နှင့် လယ်လုပ်သားများ နေထိုင်ရန်အတွက် တဲတန်းလျားထိုးရန် တိုင်၊ ဝါး၊ ထန်းရွက်များ တိုက်လာသော လှည်းများနှင့် တဲဆောက်ရန် ရွာသားများ ရောက်လာကြလေရာ မောင်ကျောက်လုံးလည်း ကူညီဝိုင်းဝန်းလုပ်ကိုင်ရန် နေရာမှ ထသွားသဖြင့် သူကြီးနှင့် ဦးထွန်းလင်းတို့သာ ကျန်ရစ်ကြလေသည်။ ဦးထွန်းလင်းက....

"နေပါဦး... သူကြီးမင်းရဲ့၊ မောင်ကျောက်လုံးကို ငှားတာက အရေးမကြီးပါဘူး။ အောင်ညွန့်ကိုလည်း ကျုပ်တို့ငှားထားတယ်။ တော်တော်ကြာ မောင်ကျောက်လုံးက သူ့ခယ်မကို ဆွဲရမလားဆိုပြီး အောင်ညွန့်ကိုသတ်လို့ ကျုပ်လယ်ထဲ လူသတ်မှု ဖြစ်နေပါဦးမယ်ဗျာ"

"ဟာ... မဖြစ်ပါဘူး ဆရာကြီးရဲ့၊ ကျွန်တော်တို့ရွာက ယောကျ်ားတွေဟာ ဒီဘက်မှာ သဘောကြီးကြပါတယ်။ သူဦးသူယူ ငါဦးငါယူ ဆိုတဲ့စိတ်မျိုး မွေးကြပါတယ်ခင်ဗျ။ မိန်းမတွေဖြစ်တဲ့ကိစ္စမှာ ဘယ်တော့မှ ဝင်စွက်ဖက်လေ့ မရှိပါဘူး"

"အောင်ညွန့်ကကော သူ့ခယ်မက ငါ့ကို အရှက်ခွဲတယ်ဆိုပြီး မောင်ကျောက်လုံးကို ပြောင်မလုပ်ရဲတောင် ချောင်းလုပ်မှဖြင့်..."

"အောင်ညွန့်ကလည်း မလုပ်ပါဘူး ဆရာကြီးရဲ့၊ ရွာထုံးစံမှ မဟုတ်ပဲ။ သူနွားကျလို့ သူခံရတယ်ဆိုတာ ဆရာကြီးလည်း ကြားပြီးမှပဲ..."

ထိုသို့ စကားပြောနေစဉ် အောင်ညွန့်ရောက်လာ၍ ရွာသားများနှင့်အတူ ဝိုင်းဝန်းအလုပ်လုပ်ရင်း မောင်ကျောက်လုံးနှင့် ရယ်ကာမောကာ စကားပြောနေသည်ကို မြင်လေရာ ဦးထွန်းလင်းမှာ ထိုအခါမှ

mgyoe.com

mgyoe.com


ရင်အေးသွားပြီး ကျေးတောသားများ၏ သဘောထားကြီးပုံကို စိတ်ထဲက ချီးမွမ်းမိလေသည်။

ထိုနေ့ညတွင် တစ်ယောက်တစ်ဖက် ရွာသားလက် စကားပုံအသစ် ထုတ်ရမည်ကဲ့သို့ ရွာသားများ၏ ဝိုင်းဝန်းကူညီမှုကြောင့် တင်းကုပ်နှင့်တန်းလျားမှာ ပြီးစီးခဲ့လေသည်။ သူကြီးက ကူညီကြသော ရွာသားများကို နံနက်စာ ညဥ့်စာ ချက်ပြုတ်ကျွေးမွေးသည်။ အမှန်စင်စစ်မှာ ပိုင်ရှင်ဦးထွန်းလင်း၏ တာဝန်ဖြစ်လေရာ ဦးထွန်းလင်းမှာ ခရီးရောက်မဆိုက်ဖြစ်သောကြောင့် သူကြီးကပင် တာဝန်ယူ၍ ချက်ပြုတ်ကျွေးမွေးခြင်းဖြစ်သည်။

မြို့တွင် ပညာရှိကဝိပဂေးဟု အခေါ်ခံနေကြသူများသည် သမဝါယမစနစ်၊ ကွန်ကိုးစနစ်၊ ဝိုင်းကြီးချုပ်စနစ် စသည်ဖြင့် စုပေါင်းလုပ်ကိုင်သော စနစ်ကို ကြီးကြီးကျယ်ကျယ် တခမ်းတနား ဟိန်းကာဟောက်ကာနှင့် လုပ်နေကြသည်။ ယနေ့အထိ ထိုစနစ်သည် အသေအချာ အောင်မြင်နေပြီဟု ပြောစရာတစ်ကွက်မျှ မရှိသေးသော်လည်း ကျေးလက်တောရွာများမှာမူ သမဝါယမစနစ် ဟူ၍လည်းကောင်း၊ ကွန်ကိုးစနစ်ဟူ၍လည်းကောင်း ဘယ်လိုမှ ခေါ်မနေဘဲ ရိုင်းပင်းကူညီသောအမှုဟု ရိုးရိုးကလေးခေါ်ကာ တစ်ဦးအလုပ်ကို တစ်ဦးက ကူညီမစနေကြသည်များမှာ ရှေးပဝေသဏီ ဘိုးစဉ်ဘောင်ဆက်က ဖြစ်ခဲ့လေသည်။

ထို့ကြောင့် မိဘမောင်ဘွား ဆွေမျိုးဉာတိ မရှိသော်လည်း ရွာတစ်ရွာသို့ရောက်ခဲ့၍ အိမ်တစ်လုံးလိုချင်သည် ပြောလျှင် ဝါးရှိသူက ဝါးယူလာပေးသည်။ တိုင်ရှိသူက တိုင်ယူလာပေးသည်။ ထန်းရွက်ရှိသူက ထန်းရွက်ယူလာပေးသည်။ ဘယ်နေ့ ဘယ်ရက် အိမ်ဆောက်တော့မည်ဟုဆိုလျှင် လုပ်ငန်းမဆင်းသူ ယောကျ်ားမှန်သမျှ ကိုယ့်ဓားကိုယ်

mgyoe.com

mgyoe.com


ယူ၊ ကိုယ့်တူ၊ ကိုယ့်ရဲတင်း ယူလာ၍ ဗြုန်းဒိုင်းနှင့် ချက်ချင်း ဝိုင်းဆောက်လိုက်ကြသည်။ အိမ်ရှင်လုပ်မည့်သူက ကူညီသူ ရွာသားများအား နံနက်စာဆိုလျှင် နံနက်စာ၊ ညဥ့်စာဆိုလျှင် ညဥ့်စာ ထမင်းတစ်နပ်ကျွေးလိုက်ရုံမျှသာ လိုလေရာ ထမင်းတစ်နပ် ကျွေးနိုင်လျှင် အိမ်တစ်လုံး ပိုင်လေတော့သည်။ အလွန်ကောင်းသော မြန်မာစစ်စစ်တို့၏ ဓလေ့ထုံးစံပေတည်း။

နောက်တစ်နေ့တွင် ကျွဲများနှင့်အတူ အရင်က ဦးထွန်းလင်း၏ လယ်သီးစားများ ယခု ဦးထွန်းလင်း၏ထံ၌ အလုပ်လုပ်မည့် လယ်ကူလီများ ရောက်လာကြသည်။ သူတို့ကို တစ်ရွာလုံးက ထွက်လာဆီးကြိုကြသည်။ သူကြီး၏ မောင်းထုထားချက်ကြောင့် ဦးထွန်းလင်းသည် အရင်က ရွှေဘိုနယ်တွင် နယ်ပိုင်ဝန်ထောက်လုပ်ခဲ့ပြီး ယခု လယ်လုပ်ရန် ရွာသို့ရောက်လာသည့်အကြောင်းကို တစ်ရွာလုံးက သိနေကြလေရာ မြို့သားတစ်ယောက်က လယ်တောဆင်းမည် ဆိုသည်မှာ အထူးအဆန်းလို ဖြစ်နေသဖြင့် တစ်ရွာလုံးမှာ သူ့ထက်ငါ လာ၍ကြည့်ကြလေသည်။ ထို့ကြောင့် ဦးထွန်းလင်း၏ နေရာကလေးတစ်ဝိုက်မှာ ဘုရားပွဲတမျှ စည်ကားနေသည်သာမက မြို့ကလူလာလျှင် မျက်နှာလုပ်ချင်ကြသော တောသူတောင်သားတို့၏ ထုံးစံအတိုင်း စားကောင်းသောက်ကောင်း မုန့်ပဲသရေစာများပါမကျန် လာ၍ပို့ကြသည်မှာ ဦးထွန်းလင်း၏တဲ၌ ဆွမ်းတော်ကြီးတင်လို ဖြစ်နေလေသည်။ ထိုရွာသို့ရောက်ပြီး ခုနစ်ရက်အတွင်း ဦးထွန်းလင်းမှာ မအားရာ။ လာသမျှ မိန်းမယောကျ်ားတို့ကို သိသည်မသိသည် ပဓာနမဟုတ်ဘဲ ဧည့်ခံနေရလေသည်။

ဦးထွန်းလင်း၏ လယ်ကူလီများသည် လယ်ထဲသို့ဆင်း၍ မီးရှို့သင့်သည်ကို ရှို့၊ ကန်သင်းဆယ်သင့်သည်ကို ဆယ်၊ ချုံနွယ်ပိတ်ပေါင်း

mgyoe.com

mgyoe.com


တို့ကို ရှင်းလင်းတန်သည် ရှင်းလင်းကြခြင်းဖြင့် နွားများရွာသို့ ရောက်ကတည်းက အလုပ်များနေကြသည်။ ဦးထွန်းလင်းမှာ ကိုယ်တိုင်လယ်ထဲသို့ မဆင်းသော်လည်း နဂိုကတည်းက စိတ်ရင်းကောင်းရှိသူဖြစ်သည့်အတိုင်း တပည့်လက်သားများ မငြိုငြင်အောင် ထမင်းဟင်းများကို တပည့်နောက်တိုးနှင့် စီမံချက်ပြုတ်၍ သူ့လူများ လယ်ထဲကပြန်လာသည့်အခါ ကိုယ်တိုင် ခူးခပ်ကျွေးမွေးလေရာ တပည့်လက်သားများမှာ ဆရာ၏ ဂရုတစိုက်ပြုစုပုံကို သတိပြုမိကြသည့်အတိုင်း တာဝန်အလုပ်ဝတ္တရားများကို မိမိတို့ဘက်က မပေါ့လျော့အောင် အားသွန်ကြိုးစား လုပ်ကိုင်ကြလေသည်။

နံနက်ဘက် လယ်တောက ပြန်လာတတ်သည့်အချိန်များတွင် မိဖွယ်သည် တစ်နှစ်သားအရွယ် ကလေးလေးတစ်ယောက်ကို ခါးထစ်ခွင်ချီ၍ ဦးထွန်းလင်း၏တဲနှင့် မနီးမဝေး သရက်ပင်ကြီးများ၏ အရိပ်အာဝါသအောက်တွင်ရပ်ကာ မောင်ကျောက်လုံး အပြန်ကို စောင့်နေတတ်သည်။ သူချီလာသော ကလေးမှာ မောင်ကျောက်လုံး၏ကလေး၊ မိဖွယ်၏တူကလေးဖြစ်ရာ မောင်ကျောက်လုံးသည် သူ့သားကလေးကို စိတ်မချသဖြင့် လယ်တောအပြန်တွင် သူ့ဆီကို အမြဲခေါ်လာရန် မိဖွယ်ကို မှာထားသည့်အတိုင်း မိဖွယ်သည် နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ကလေးကိုယူလာ၍ စောင့်နေရလေသည်။ ထိုနောက် ညနေဘက် လယ်တောပြန်ဆင်းကြသည့်အခါမှ မောင်ကျောက်လုံးသည် ကလေးကို မိဖွယ်သို့ ပြန်အပ်လေ့ရှိလေရာ မိဖွယ်မှာလည်း ထိုအခါမှ သူ့အိမ်သို့ ကလေးချီ၍ ပြန်ရရှာသည်။

မောင်ကျောက်လုံး အလုပ်စတင်ဆင်းရသည့် နေ့ကစ၍ ဦးထွန်းလင်းသည် မိဖွယ်ကို မြင်သော်လည်း လုပ်ငန်းဝင်စတွင် ဘယ်နေရာမှာမျှ အသားမကျသေးသည့်အတိုင်း မိဖွယ်ကို သတိမထားမိဘဲ ရှိလေ

mgyoe.com

mgyoe.com


ရာ၊ တနင်္ဂနွေတစ်ပတ်မျှအကြာတွင် အလုပ်အတော်ကလေးပါး၍ စိတ်အေးလက်အေး နေနိုင်လာသောအခါမှ နေ့စဉ်နေ့တိုင်း မိဇွယ် လာနေလေ့ရှိသည်ကို သတိပြုမိလေသည်။

ထိုနေ့တွင် မိဇွယ်သည် ကလေးလေးကို မြေကြီးပေါ်၌ချ၍ သစ်ပင်ခြေရင်း၌ထိုင်ကာ တစ်ယောက်တည်း ဇယ်ခုတ်နေသည်။ မောင်ကျောက်လုံးတို့လူစု လယ်တောက ပြန်တက်လာဖို့မှာ နာရီဝက်ခန့်မျှ လိုသေးသည်။ ဦးထွန်းလင်းသည် ပက်လက်ကုလားထိုင်ပေါ်၌ စာဖတ်နေရင်း ဇက်ညောင်းမျက်စိညောင်းသဖြင့် စာအုပ်ကိုချပြီး ထိုင်ရာမှ ထလေရာ၊ သူနှင့် ဝါးတစ်ရိုက်အကွာတွင် ထိုင်၍ဇယ်ခုတ်နေသော မိဇွယ်ကို မြင်လေသည်။ မိဇွယ်ကို သူ တစ်ခါမျှ စကားမပြောဖူး၊ ထိုနေ့မှ မိဇွယ်ကို သတိပြု၍မြင်မိလေရာ အံ့ဩသလို ဖြစ်နေလေသည်။

"ဟဲ့... နင် မိဇွယ်မဟုတ်လား"

မိဇွယ်သည် ဦးထွန်းလင်း၏အသံကို ရုတ်တရက် ကြားလိုက်သည့်အခါ လန့်သလိုဖြစ်သွားရာမှ ဦးထွန်းလင်းကို လှမ်းကြည့်ပြီး "ဟုတ်သတော့" ဟု ပြောလေသည်။

ရွှေဘိုကျေးလက်များတွင် အသက်ကြီးငယ်မရွေး မိန်းမမှန်လျှင် ရှင်–ကျွန်မ သုံးလေ့မရှိ၊ ကျုပ်–တော် ဟူ၍သာ ပြောလေ့ရှိရာ အသက်ငယ်သူက အသက်ကြီးသူကို တော်နှင့်ကျုပ်နှင့် ပြောသည်ကို မြို့ကလူများ ရုတ်တရက်ကြားရလျှင် တော်တော်ရိုင်းတဲ့ ကလေးမပဲဟု ထင်မိမည်ဖြစ်သော်လည်း သူတို့ ထုံးစံဓလေ့ကိုသိ၍ နားယဉ်သွားသည့်အခါ နားထောင်၍ပင် ကောင်းသလိုလို ထင်ရလေသည်။

"ဟိုဟာ... ဘယ်သူ့ကလေးလဲ"

"ခဲအို ကလေးတော့..."

"သြော်... မောင်ကျောက်လုံးကလေးဆိုတာလား၊ ဒီကိုခေါ်ခဲ့စမ်း၊

mgyoe.com

mgyoe.com


ဟော့ နောက်တိုး ကလေးကျွေးရအောင် ထန်းလျက်ဖြူခဲကလေးတွေ ယူခဲ့ပါကွယ်"

မိဇွယ်သည် ကလေးကိုချီ၍ ဦးထွန်းလင်း၏တဲထဲသို့ ဝင်လာပြီး ကန္တဖျင်းအောက်က ကွပ်ပျစ်ပေါ်၌ ထိုင်လေသည်။ ဦးထွန်းလင်းသည် ထန်းလျက်ဖြူခဲကလေးများကို ကလေးအားကျွေးရင်း "ဟဲ့မိဇွယ် စားလေ" ဟု ပြောပြောဆိုဆို နောက်တိုးလာချသော ထန်းလျက်ဖြူ ပန်းကန်ကို ရှေ့သို့တိုးပေးလေသည်။ မိဇွယ်သည် ရှက်ခြင်း ကြောက် ခြင်းမရှိ ဣန္ဒြေနည်းနည်းမျှမပျက်ဘဲ ကွပ်ပျစ်ပေါ်မှ တွဲလဲချထားသော သူ့ခြေနှစ်ချောင်းကို ရှေ့တိုးနောက်ငင်ယမ်းကာ ထန်းလျက် ဖြူတစ်လုံး ကို မြုံ့နေလေသည်။

"မောင်ကျောက်လုံးအိမ်နဲ့ ငါတို့အိမ်နဲ့က တော်တော်ဝေးသလား"

"မဝေးပါဘူးတော်၊ တုံးတင်ပဲ ခြားပါတယ်။ အိမ်နှစ်ခု ယှဉ်နေ တာပဲ"

"နင့်အဖေအမေကော..."

"ဆုံးကြပြီတော့။ ကျုပ်ငယ်ငယ်ကလေးကတည်းက ဆုံးကြ တယ်"

"ဒါဖြင့် နင်က မိနွယ်နဲ့နေရတာပေါ့"

"ဟုတ်သတော့ အစ်မနဲ့နေတယ်"

"မောင်ကျောက်လုံးက သူ့အိမ်မှာ ကိုယ်ခွဲမရှိတော့ဘူးလား"

"မရှိဘူးတော့၊ အစ်မကြီး ဆုံးပြီးကတည်းက သူတို့သားအဖ နှစ်ယောက်ထဲ ရှိကြတယ်။ ဒါကြောင့် ခဲအို အလုပ်ဆင်းသွားတဲ့အခါ ကျုပ်က ကလေးသွားယူပြီး ထိန်းထားရတယ်။ ညနေ အလုပ်ကပြန် လာမှ ကလေးကို သူ့ပြန်ပေးရတယ်တော့"

"ဪ... ဒါဖြင့် ကလေးက အဖေနဲ့နေရတာ ည အိပ်ရာဝင်မှပဲ

mgyoe.com

mgyoe.com


နေရတော့တာပေါ့"

"ဟုတ်သတော့"

"ကလေးက နို့စို့သေးသလား"

"အခုတော့ မစို့တော့ဘူး၊ ထမင်းဝါးကျွေးရတယ်"

ယင်းသည့်နောက် ဦးထွန်းလင်းက မေးသဖြင့် မိဖွယ်က သူတို့အိမ်အကြောင်း၊ ရွာအကြောင်း၊ လယ်တောအကြောင်းများကို ပြောပြနေလေရာ မကြာမီ တစ်ဦးနှင့်တစ်ဦး သိဟောင်းကျွမ်းဟောင်းများလို ဖြစ်သွားပြီး ရင်းရင်းနှီးနှီး ပြောဝံ့ဆိုဝံ့ ဖြစ်လာကြသည်ကအစ မိဖွယ်လည်း နေ့စဉ်နေ့တိုင်း ကလေးကို မောင်ကျောက်လုံးထံ လာပို့ရင်း ဦးထွန်းလင်းထံသို့ဝင်ကာ စကားစမြည် ပြောနေတတ်လေသည်။ ဦးထွန်းလင်းမှာ ဘာအလုပ်မျှမရှိသူ ဖြစ်သည့်အတိုင်း မိဖွယ်လာ၍ စကားပြောနေလေ့ရှိသည်ကိုပင် အပျင်းပြေသေးသည်ဟု မိဖွယ်ကို ကျေးဇူးတင်ရမလို ဖြစ်နေသည်။ မိဖွယ်ကလည်း ဦးထွန်းလင်း တစ်ယောက်တည်း တဲထဲ၌ ထိုင်နေသည်ကိုမြင်လျှင် တဲထဲသို့ ဝင်လာတတ်၍ ဦးထွန်းလင်းထံသို့ ဧည့်သည်များရောက်နေသည်ကို တွေ့လျှင် သရက်ပင်ကြီးအောက်သို့သွား၍ တစ်ယောက်တည်း ဇယ်ခုတ်နေတတ်သည်။ ဦးထွန်းလင်းသာ လူပျိုကလေးဖြစ်မည်ဆိုလျှင် သူတို့နှစ်ယောက်မှာ သမီးရည်းစားဖြစ်နေကြသည်ဟု ဆိုချေက မှားလိမ့်မည် မဟုတ်သော်လည်း ယခုမူ မြေးအဘိုးအရွယ် ဖြစ်ချေသောကြောင့် ထိုသို့ပြောဖို့လည်း မသင့်၊ ဖြစ်လည်း ဖြစ်နိုင်ဖွယ်ရာ အကြောင်းမရှိဟု ထင်လေသည်။

အောင်ညွန့်နှင့်မိဖွယ်တို့မှာ တစ်ယောက်ကိုတစ်ယောက် ရှောင်နိုင်သလောက် ရှောင်ကြသည်။ တစ်နေ့တွင် မလွဲမကင်းသာသဖြင့် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြရာ အောင်ညွန့်က မျက်နှာ

mgyoe.com

mgyoe.com


ရှစ်ခေါက်ချိုး လုပ်ပြလိုက်သလောက် မိဇွယ်ကလည်း အညှဲ့မခံ နှုတ်ခမ်းကလေးစူပြီး မျက်စောင်းပစ်ထိုးလိုက်သည်။ သူတို့နှစ်ယောက် ပြန်တွဲမိဖို့တော့ လမ်းစကုန်ပြီဟု ဦးထွန်းလင်း တွေးမိလိုက်သည်။

မိုးတစ်ပြိုက်နှစ်ပြိုက် ရွာချလိုက်ပြီးနောက် ရေဦးနယ် ထုံးစံ အတိုင်း မိုးခေါင်လေသည်။ သို့သော်လည်း ဦးထွန်းလင်း၏လယ်၌ ရေမရမည့်အတွက်မှာ ပူစရာမရှိ။ ကာဘိုးရေကာတာမှာ မူးရေကို တသွင်သွင်လွှတ်နေသဖြင့် ရေကိုလိုသလောက် အလျှံပယ်ရနေရာ ဦးထွန်းလင်း၏ လယ်ကူလီများမှာ ရေကို စောင့်ယူနိုင်ရန်သာ လိုလေ သည်။ ထိုအချိန်တွင် ဦးထွန်းလင်း လယ်လုပ်သည်ကို ဘုတ်အဖွဲ့လူကြီး အချို့က ကန့်ကွက်ချင်သယောင်ယောင် အသံထွက်လာသည်။ ထို့ကြောင့် တစ်နေ့တွင် ဦးထွန်းလင်းသည် သူကြီး၏အိမ်သို့သွား၍ ဘုတ်အဖွဲ့လူကြီးများနှင့် တွေ့ဆုံအတိုက်အခံပြောပြီး တဲသို့ပြန်လာရာ သရက်ပင်ကြီးအောက်၌ မိဇွယ်ကို တွေ့လေသည်။ မိဇွယ်သည် ခါတိုင်းကဲ့သို့ ကလေးကို အနား၌ချ၍ ဖယ်ခုတ်နေသည်။

"ဟဲ့... မိဇွယ်"

"တော်..."

"နင်တစ်ယောက်တည်း မပျင်းဘူးလားဟဲ့၊ တစ်ရက်လည်း မဟုတ် နှစ်ရက်လည်းမဟုတ်....၊ မိန်းမဖော်ကလေးတွေခေါ်ခဲ့ပြီး ကစားရောပေါ့"

"မပျင်းပါဘူးတော် ဆရာကြီးအရှိသားပဲ"

ဦးထွန်းလင်း မျက်လုံးပြူးသွားလေသည်။ သူ့ကို ချိတ်စကား ရိပ်စကားများ ပြောလိုက်ရော့သလား။

"အမယ်... နင်က ငါ့ကိုချိတ်တိတ်တိတ် ပြောနေပြန်ပလား"

မိဇွယ်က ထိုင်ရာမှနေ၍ ဦးထွန်းလင်းကို မျက်လုံးကြီးလှန်ကြည့်

mgyoe.com

mgyoe.com


လေသည်။

"ကျုပ်က ရိုးရိုးပြောတာပါတော့၊ ဆရာကြီးနဲ့ စကားပြောနေရလို့ မပျင်းဘူးပြောတာပါ။ ကျုပ်က ဆရာကြီးကို ချိတ်တိတ်တိတ် ပြောရင်ကော... ဘာဖြစ်သေးတုံးတော့"

"ဟဲ့... ဘာမှတော့မဖြစ်ဘူးပေါ့၊ ဒါပေမဲ့ နင်က ငါ့မြေးလောက်ရှိသေးတာပဲ"

"အဟိ... အဟိ..." ဟု မိဗွယ်က ပါးစပ်စေ့၍ ရယ်လေသည်။

"ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့သူကို ဒီလိုစကား မပြောကောင်းဘူးဟဲ့"

"ပြောတော့ဘာဖြစ်တုံး ဆရာကြီးရဲ့"

"လူကြီးလုပ်တဲ့လူက နင်ရှူးနေသလားဆိုပြီး ဝေါက်လွှတ်လိုက်မှာပေါ့"

ဦးထွန်းလင်း စကားမှုမဆုံးမီ မိဗွယ်သည် ထိုင်ရာမှရုတ်တရက်ထ၍ လေး ငါး ခြောက်လှမ်းမျှ အပြေးကလေးသွားပြီးလျှင် ပါးစပ်ကလည်း "ကန်တော့... ကန်တော့..." ဟု ပြောရင်း ဦးထွန်းလင်းကို ကျောခိုင်းကာ တင်သားတစ်ဝက်ပေါ်အောင် ထဘီကိုမပြီး ကပျာကယာထိုင်၍ ရှူရှူးပေါက်နေလေသည်။

ဦးထွန်းလင်းမှာ ရုတ်တရက်ဖြစ်သဖြင့် မိဗွယ်၏တင်သား ညိုစိမ့်စိမ့်ကလေးကို ကြည့်နေမိပြီးမှ "တယ်... ဒီကောင်မကလေး" ဟု ပါးစပ်ကမြည်တွန်၍ အမြင်မတော်သဖြင့် တစ်ဖက်သို့ လှည့်နေလိုက်ရသည်။ တစ်အောင့်အကြာတွင် မိဗွယ်သည် ဦးထွန်းလင်း၏နောက်သို့ ခြေသံမကြားအောင် အသာအယာလာပြီးမှ ဦးထွန်းလင်း၏ရှေ့ ဘွားခနဲ ရပ်လိုက်ကာ၊ "ဘယ့်နှယ် ဆရာကြီးရဲ့၊ တယ်... ဒီကောင်မလေးတဲ့ ဟား... ဟား...ဟား" ဟု ဝါးလုံးကွဲပစ်ရယ်နေလေရာ၊ ဦးထွန်းလင်းမှာ

mgyoe.com

mgyoe.com


မိဇွယ်သဘောကျသည်ကို နားမလည်နိုင်သဖြင့် ကျီးကြည့်ကြောင်ကြည့်နှင့် ဖြစ်နေလေသည်။

"နင် ဘာရယ်တာလဲ... ဟင်"

"ဒီမယ် ဆရာကြီးရဲ့၊ ဆရာကြီးတို့ယောကျ်ားတွေဟာ ကြီးကြီးငယ်ငယ် ဘူတာအိုကြီးဖြစ်နေပစေ၊ မိန်းမကသာ ရုပ်လုံးဖော်လိုက်ရင် မကြည့်ချင် မြင်ချင်ရက်သား ဆိုတာလို ကြည့်ချင်ရက်နဲ့ တမင် မျက်နှာလွှဲကြတာမဟုတ်လား။ မျက်နှာလွှဲတယ်ဆိုတာတောင် ခဏကလေးလောက်တော့ ကြည့်ပြီးမှ မျက်နှာလွှဲကြတာ၊ ကိုင်း... ဆရာကြီး ငြင်းနိုင်သေးရဲ့လား"

"တယ်... ဒီကောင်မလေး မဟုတ်တာတွေ ပြောရှော့မယ်"

"တယ် ဒီကောင်မလေး မလုပ်ပါနဲ့တော့ ဆရာကြီးရဲ့၊ ဟုတ်တာတွေပြောလို့ ဝန်မခံရဲတာ မဟုတ်လား၊ ကျုပ်က ယောကျ်ားတွေသဘောနောကျေနေပြီးသားပါတော်၊ ဆရာကြီး မငြင်းနိုင်ပါဘူး"

ဦးထွန်းလင်း ဘာမျှပြန်မပြောတတ်သဖြင့် စပ်ဖြဲဖြဲဖြစ်နေစဉ် မိဇွယ်က ဆက်၍

"ဆရာကြီးက အဘိုးအရွယ်လောက်ကို ချိတ်တိတ်တိတ်ပြောရင် ငေါက်လွှတ်မယ်လေ့ ဘာလေ့ ပြောလို့ ကျုပ်က ဆရာကြီး သဘောပေါက်အောင် တမင်တကာ လက်တွေ့ပြလိုက်တာတော့။ ဟော... အခု ဆရာကြီးက မငေါက်တဲ့အပြင် ဒီတစ်ခါပြရင်တော့ မျက်နှာလွှဲမနေတော့ဘဲ အားရပါးရ ထိုင်ကြည့်နေတော့မှာပဲလို့ အားခဲနေတယ် မဟုတ်လား"

"တယ်... ဒီကောင်မကလေး ငါ ရိုက်မိပါလိမ့်မယ်"

မိဇွယ်က တခိခိ ရယ်လေသည်။ သူ့မျက်နှာမှာ ပြောင်လှပေသည်– ဟု ဦးထွန်းလင်း တွေးမိလေသည်။ ဒီကောင်မကလေး စပ်ဖြဲဖြဲ

mgyoe.com

mgyoe.com


နဲ့။

"ဆရာကြီးက ကျုပ်ကို မရိုက်ပါဘူးတော်၊ ကျုပ်က သိပြီးသား ပါ၊ ဆရာကြီးစိတ်ထဲက တစ်မျိုး... ပါးစပ်ကတစ်မျိုး၊ နွားအို မြက်နု ကြိုက်ဆိုတာလို ဒီလိုစကားမျိုးများ ကြားနေရရင် သဘောကို ကျနေ တာပဲမဟုတ်လား"

"တော်စမ်းပါ... မိဖွယ်ရယ်၊ ဒါကြောင့် နင့်ကို တစ်ရွာလုံးက လန့်နေကြတာပဲ"

"ရွာက လန့်မှာပေါ့ သူတို့က ယောကျ်ားတွေဘက်ကနေ ကြည့် တာကိုး။ ကျုပ်တို့ မိန်းမတွေဘက်ကမှ မကြည့်ဘဲ"

"ဘယ့်နှယ်..."

"ဆရာကြီး နားမလည်ဘူးထင်တယ်၊ ကျုပ်တို့ကို 'ဖက်ပေါ် စူးကျ ဖက်ပေါက်၊ စူးပေါ်ဖက်ကျ ဖက်ပေါက်' လို့ ဆိုတယ်မဟုတ် လား။ အဲဒါ တမင်သက်သက် ကျုပ်တို့မိန်းမတွေကို ချိုးထားတာ။ စူးပေါ်ဖက်ကျ စူးကျိုးလို့ ဘာဖြစ်လို့ မှုမှုတတ မဆိုချင်ရတာလဲ။ ယောကျ်ားကလေးတွေကျတော့ အိုင်တွေ့ခြေဆေးမယ် ဘာညာနဲ့ ကမြင်းချင်တိုင်း ကမြင်းနိုင်အောင် မြှောက်ပေးထားတယ်။ မိန်းမဖြစ် ဖြစ် ယောကျ်ားဖြစ်ဖြစ် လူလူချင်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ချင်းဟာ မိန်းမကိုသာ တင်တင်စီးစီးပြောတာ တရားသလား၊ မတရားဘူးလား"

မိဖွယ်စကားမဆုံးမီပင် လယ်လုပ်သားများ ပြန်လာသဖြင့် ဦးထွန်းလင်းမှာ လယ်လုပ်သားများ ထမင်းစားရာသို့ သွားလေရာ မိဖွယ် သည် ကလေးကိုကောက်ချီ၍ မောင်ကျောက်လုံးလာနေရာသို့ ထွက်သွားလေသည်။ ထိုနေ့အဖို့မှာ မိဖွယ်နှင့် နောက်ထပ်မတွေ့ရသော် လည်း ထိုညဥ့်အဖို့မှာ ဦးထွန်းလင်း၏ဦးနှောက်ထဲ၌ စဥ်းစားစရာ အချက်တစ်ခု ကိန်းအောင်းနေလေတော့သည်။

mgyoe.com

mgyoe.com


(၄)

နောက်တစ်နေ့တွင် ဦးထွန်းလင်းထံသို့ မိဇွယ် အစောကြီး ရောက်လာသည်။ မနေ့က သူပြောချင်သည်ကို အားရပါးရ မပြော လိုက်ရသဖြင့် ကျေနပ်ပုံမရ။ ခါတိုင်းလို သရက်ပင်ကြီးအောက်မှ ဦးထွန်းလင်း အား၊ မအားကိုပင် အရိပ်အခြည် ကြည့်မနေတော့ဘဲ ကုလားဖျင်းအောက်သို့ တောက်လျှောက်ဝင်လာကာ ကွပ်ပျစ်ပေါ်၌ ထိုင်နေလေသည်။ ဦးထွန်းလင်းမှာ မိဇွယ်ကိုမြင်လျှင် မနေ့ကစကားကို ဆက်ချေတော့မည်ဟု တွေးမိသည့်အတိုင်း မျက်နှာ မထားတတ်အောင် ဖြစ်နေသဖြင့် တခြားသို့ ရှောင်၍သွားချင်သည်။ သို့သော်လည်း မိဇွယ် မှာ အိမ်ပေါက်ဝ၌ အခန့်သားထိုင်နေပြီ ဖြစ်သောကြောင့် မျက်နှာချင်း မဆိုင်၍ မဖြစ်တော့သည့်အတိုင်း သူထိုင်နေကျ ပက်လက်ကုလား ထိုင်ပေါ်၌ ထိုင်ရလေသည်။

"ဆရာကြီး... ပျင်းနေသလားတော့။ ပျင်းနေရင် ကျုပ် ငယ်ငယ် ကရတဲ့ သီချင်းတစ်ပုဒ်ကို ရွတ်ပြမယ်"

ဦးထွန်းလင်းမှာ မနေ့က စကားမျိုးကို မကြားရတော့ပြီဟု စိတ်အေးသွားကာ မိဇွယ်ကို လှမ်းကြည့်၍

"အသံနေ အသံထားနဲ့ ဆိုပြမှပေါ့"

"အသံတော့ မရဘူးတော့။ စာသားသာရတာ နားထောင်နော်"

*မျက်နှာပေးက ပြုံးယောင်ယောင်*

*ကာတစ်ဝိုင်းက ခုံးယောင်ယောင်*

*ကော့မျက်တောင် ဗျာကေဝိုက်နဲ့*

*ကြိုက်စေချင့်ကောင်။*

"ရှေးတုန်းက ကျုပ်တို့ရွာမှာ ပိုက်ဆံကပေါ၊ အလှူအတန်းက ပေါတော့ ယောကျ်ားကလေး မိန်းမကလေး အရွယ်မရွေးဘူး၊ ဝတ်

mgyoe.com

mgyoe.com


ကောင်းစားလှတွေ ဝတ်ပြီးတော့ ဘုရားသွား ကျောင်းသွား အလှူသွား နဲ့ အလွန်ပျော်စရာကောင်းတယ်တဲ့။ အဲ့ဒီလို သွားကြလာကြတဲ့အခါမှာ ကာလသားတွေက အမြဲတမ်း အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း ပါလာကြ တယ်။ တီးတဲ့လူက တီး၊ ကတဲ့လူက က၊ ဆိုတဲ့လူက ဆို။ သူတို့ တစ်တွေ လာပြီဆိုရင် မိန်းမကလေးတွေက ဝိုင်းပြီး ကြည့်ကြရတယ် တဲ့။ အဲဒီအခါမှာ သီချင်းဆိုတဲ့ ကာလသားက မိန်းမကလေးတွေကို ခနဲ့လိုက်တဲ့သဘောနဲ့ အဲဒီသီချင်းကို ဆိုလိုက်တယ်။ ဘေးကကြည့် နေတဲ့ မိန်းမကလေးတွေက သူ့ပဲပြောသလိုလို၊ ကိုယ့်ပဲပြောသလိုလို ရှူးတိုးရှန့်တန့် ဖြစ်ကုန်ကြတာပေါ့။ ဒီအခါမှာ ဝိုင်းတော်သားထဲက တစ်ယောက်က မိန်းမကလေးလို လုပ်ပြီး

*လှောင်ချင်လှောင်*

*မပြောင်နဲ့ ကိုယ်ရေ့၊*

*သန်းခေါင်ယံလေချူသွေးရင်*

*နပဲရုံအိမ်တောင်ဘေးကို*

*ပြေးလို့လာပွေ့။*

"အဲဒီလို ပြန်ဆိုလိုက်တယ်။ လူကြီးတွေက အပြောတော့ မိန်းမ ကလေးကဆိုလို့ ဆုံးတယ်ဆိုရင်ပဲ နားထောင်နေကြတဲ့ အပျိုကလေး တွေဟာ မျက်နှာကလေးတွေနီပြီး ခေါင်းငုံ့သွားကြတာပဲတဲ့"

"အေး... ရှက်သွားကြမှာပေါ့ကွယ်" ဟု ဦးထွန်းလင်းက ထောက် လေသည်။

"ဘာများ ရှက်စရာရှိလို့လဲတော်..."

"ဒါကတော့ သူ့ခေတ်နဲ့သူကိုးကွယ့်..."

"မိန်းမကလေး ဆိုပြီးတဲ့နောက် ယောက်ျားကလေးက ဆက်ဆို တယ်။

mgyoe.com

mgyoe.com


*မမလေးရဲ့ ချစ်စရာ*
*မမလေးရဲ့ ကြိုက်စရာ၊*
*ပျိုတို့မောင် အိမ်တောင်ဘေးကို*
*ပြေးလို့လာမှာ။*
*ဒီတစ်ခါ မညာနဲ့ပျိုရေ့။*
*လင်းကြက်တွန် ကျီးအာသကောင့်*
*စောင့်မယ်လေလေ့...တဲ့"*

"အတော်အဓိပ္ပာယ်ရှိတဲ့ သီချင်းကလေးပဲ၊ ယောကျ်ားကလေးက မိန်းမကလေးမှာတာကို သစ္စာရှိရှိနဲ့ လင်းတဲ့အထိ စောင့်ပါ့မယ်လို့ ဆိုတာပဲ"

"အဟိ... အဟိ... အဟိ... အဲဒါကြောင့် ကျုပ်က မိန်းမနဲ့ ပတ်သက်လာရင် ယောကျ်ားတွေဟာ အလွန်နွားကျတာပဲလို့ ပြောချင်တာပေါ့။ မသကာ မိန်းမကလေးက ချိန်းထားတဲ့အချိန်မှာ ဆင်းမလာရင် ယောကျ်ားကလေးက အိမ်ပြန်ရုံရှိတယ်။ သူ မိုးလင်းအထိ စောင့်နေဦးတော့ မိန်းမကလေးက ဆင်းလာပါဦးမတဲ့လား။

*မမကလေးကိုတဲ့*
*ချစ်ပါတဲ့အာရုံ၊*
*ရွှေမြင်းမိုရ်တစ်တောင်လုံး*
*တုံးမှတ်လို့ခုန်... တဲ့။*

"လာလာချေသေး၊ မြင်းမိုရ်တောင်ကြီးတောင် တုံးမှတ်ပြီး ခုန်ဦးမယ်တဲ့။ အဟိ... အဟိ... အဟိ... ဒါကို ယောကျ်ားတွေက အကောင်းကြီး မှတ်နေကြတယ်။ သူတို့ကိုယ်ကို နွားကျမှန်း သိတာမဟုတ်ဘူး။ ဒါနဲ့တောင် မိန်းမကျတော့ ပြောလိုက်ကြတာ မိန်းမများဟာတဲ့ ယောကျ်ားကခိုင်းရင် နွာခေါင်းသာမပါဘူးဆိုရင်ဖြင့် မစင်တောင်

mgyoe.com

mgyoe.com



စားမှာပဲတဲ့။ ကိုင်း... ဘယ်လောက် မှိုချိုးမျှစ်ချိုး ပြောလိုက်သလဲလို့။ ဒါဟာ တရားသလား... မတရားဘူးလား ဆရာကြီးရယ် ဆုံးဖြတ်စမ်းပါ"

ဦးထွန်းလင်းမှာ ရုတ်တရက် ပြန်မဖြေတတ်သဖြင့် မိဇွယ်ကိုသာ ငေးကြည့်နေမိရာမှ

"ဒီသီချင်းတွေက သူ့နေရာနဲ့သူ သုံးတာကွဲ့၊ မိန်းမကလေးကို ဘယ်လောက်ချစ်မိနေပြီ ဆိုတဲ့အကြောင်း မိန်းမကလေးသိအောင်..."

"တော်စမ်းပါ... ဆရာကြီးရယ် ဒီလို ဝိနည်းရှောင်တဲ့စကားမျိုးကို မပြောစမ်းပါနဲ့၊ ကျုပ်က ယောက်ျားတွေသဘောကို စင်းလုံးချော သိပြီးသားပါတော်"

"ဒါကြောင့် ယောက်ျားကလေးတွေလည်း နင့်အနား မကပ်ရဲကြတော့ဘူး ထင်ပါရဲ့" ဟု ဦးထွန်းလင်းက ငေါ့တော့တော့ ပြောလေရာ မိဇွယ်မှာ ဒေါသကလေးဖြစ်သွားပြီး

"ကျုပ်အနားမကပ်လို့ ကျုပ်က ဘာမှုမှာလဲတော့၊ ကပ်ချင်တဲ့ ယောက်ျားတွေ အပုံရှိပါသေးတယ်။ အမှန်စင်စစ်တော့ သူတို့ ကျုပ်အနား မကပ်ရဲကြတာက သူတို့အပြစ်နဲ့သူတို့ပဲ၊ ဥပမာဆိုရင် ကျုပ်နဲ့ အောင်ညွှန့်တို့ဖြစ်တဲ့ကိစ္စမှာ ကျုပ်က အောင်ညွှန့်ကို ကျုပ်တစ်ယောက်လုံးရှိနေမှ တခြားမိန်းမတွေကို မလည်ပါနဲ့လို့ ပြောထားတယ်။ ဒါကို သူ နားမထောင်ဘူး။ ဟိုရွာမှာတစ်ယောက် ဒီရွာမှာတစ်ယောက် ရည်းစားတွေကို မှိုလိုပေါက်နေတာပဲ၊ ဒါဟာ ငါ ယောက်ျားပဲဆိုပြီး သူထင်ရာသူလုပ်နေတာ မဟုတ်လား။ ဒီတော့ ကျုပ်လည်း သူ့လို သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် လူဆိုတော့ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုပြီး ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက် လုပ်ပစ်လိုက်တာပေါ့"

mgyoe.com

mgyoe.com



မိဇွယ်သည် စကားပြောရင်း အာခေါင်ခြောက်လာသဖြင့် ရေအိုးစင်သို့ထသွား၍ ရေသောက်လေသည်။ ဦးထွန်းလင်းသည် မိဇွယ်ကို ကြည့်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေလေသည်။ မိဇွယ် သူ့နေရာသို့ ပြန်ထိုင်မိသည့်အခါ

"ယောကျ်ားကလေးတွေက မိန်းမရရင် အပျိုစစ်စစ်ကလေးမှ ရချင်တယ်။ သူတို့ကိုကြည့်လိုက်ရင်တော့ တစ်ယောက်မှ လူပျိုစစ်တာကို မတွေ့ရဘူး။ ဒါဟာ ယောကျ်ားတွေက မိန်းမတွေကို တမင်သက်သက် နှိမ်ထားတာမဟုတ်လား။ သူတို့သာ အသက်နဲ့ ကျုပ်တို့တော့ အသက်မရှိတဲ့အရုပ်တွေလို့ အောက်မေ့နေသလားတော်။ အဟိ... အဟိ... အဟိ... မိန်းမကလေးက အပျိုစစ်ရမယ်တဲ့... ဘယ်လောက်ရယ်စရာကောင်းသလဲလို့ ဆရာကြီး စဉ်းစားကြည့်စမ်းပါ။ မိန်းမတွေဘက်ကနေပြီး ကြည့်မယ်ဆိုရင် ကျုပ်ပြောတာတွေဟာ တစ်ခုမှ မမှားဘူးဆိုတာ တွေ့ပါလိမ့်မယ်။ နောက်တစ်ခု ဆရာကြီးကို မေးရဦးမယ်၊ ယောကျ်ားတွေ မိန်းမယူတာ ကာမဂုဏ်ကြောင့်ပဲလား၊ ဒါမှမဟုတ် လင်ရယ်မယားရယ် တိုင်ပင်ဖော်တိုင်ပင်ဖက် ဆေးပေးမီးယူ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ဖို့ ယူတာလား။ တိုင်ပင်ဖော်တိုင်ပင်ဖက်ရအောင် ယူတာဆိုရင် မိန်းမဟာ အပျိုစစ်တာ မစစ်တာ ရွေးနေဖို့ လိုသေးသလား။ ဖြေစမ်းပါ... ဆရာကြီးရဲ့၊ ကာမဂုဏ်ကြောင့် ယူတယ်ဆိုရင် ယောကျ်ားတွေဟာ အလွန်တဏှာကြီးတဲ့လူတွေ... မိန်းမယူနေဖို့ မလိုဘူး။ အရပ်တကာမှာ သူတို့အဖို့ မိန်းမပေါ့ မိန်းမပျက်တွေ အများကြီးရှိတယ်။ အားရအောင် ပျော်နိုင်တယ်လို့ ညွှန်လိုက်ဖို့ရှိတော့တယ်။ မဟုတ်ဘူးလား ဆရာကြီးရယ်...။ မိန်းမဟာ အပျိုမစစ်တာနဲ့ အိမ်ထောင်ဘက် မပြုချင်တော့ဘူးလား"

"နင်မေးတာကို ငါတော့ ဖြေကိုမဖြေတတ်တော့ဘူးဟဲ့... မိဇွယ်"

mgyoe.com

mgyoe.com


ဟု ဦးထွန်းလင်းက ညည်းညည်းညူညူနှင့် မိဇွယ်ကို အရှုံးပေး လိုက်ရလေသည်။

"ယောက်ျားတွေဟာ မိန်းမတွေကို သူတို့လုပ်ကျွေးရတယ်ဆိုပြီး တစ်ဖက်သတ် အာဏာသုံးချင်ကြတယ်။ ဒါကို တခြားမိန်းမတွေက ခေါင်းငုံ့ခံချင်ခံမယ်။ ကျုပ်ကတော့ ခံနေမယ်မဟုတ်ဘူး။ ကြည့်ပါ လား... ကျုပ်တို့ အပျိုဖြစ်လာတယ်ဆိုရင်ပဲ လူပျိုတွေဟာ အညှီရှိရာ ယင်အုံ ဆိုသလို ချစ်ပါတယ် ကြိုက်ပါတယ်နဲ့ ဝိုင်းလာပြီး ကျုပ်တို့ကို အရူးလုပ်ချင်ကြတယ်။ ကျုပ်ကတော့ ဘာနေလိမ့်မလဲ။ သူတို့အရူး လုပ်တာကို ခံမနေတဲ့အပြင် သူတို့ကိုရူးအောင် ပြန်လုပ်လွှတ်လိုက် တယ်။ နေရာမကျဘူးလား။ ဒါကြောင့် ကျုပ်နဲ့တွေ့တဲ့ ယောက်ျားတော့ သတိသာထားပေရော့။ မရူးရင်တော်လှပြီလို့ အောက်မေ့လိုက်ပါ"ဟု မိဇွယ်က ဓားကြိမ်းကြိမ်းနေစဉ် လယ်ကူလီများ ပြန်လာသဖြင့် ဦးထွန်းလင်းလည်း ကပျာကယာ ထိုင်ရာမှ ထပြေးခဲ့ရလေသည်။ အတော်ကြောက်စရာကောင်းတဲ့ ကောင်မ ကလေးပါကလား။

(၅)

တစ်နေ့တစ်နေ့နှင့် ရက်တွေရွေ့ခဲ့ပြီး အောက်အရပ်များတွင် မိုးတွင်းကျလာသည်နှင့် တစ်ပြိုင်နက် ဝါဆိုဝါခေါင် ရေဖောင်ဖောင် စသည်ဖြင့် ဆိုရိုးရှိသော်လည်း အပူပိုင်းဇုန်တွင်ရှိသော ရွှေဘိုမြို့နယ် ဒေသတစ်ဝိုက်မှာ လယ်ကွက်ထဲ၌ ပပ်ကြားအက်တွေပေါ်ကာ မိုးခေါင် မြေခေါင်လျက် ရှိလေသည်။ မိုးကောင်းဒေသရှိ လယ်သမားများမှာ မိုးရွာ လိမ့်နိုးနှင့် တမျှော်မျှော် တင့်ငံ့နေရသလောက် ရေဝင်ဒေသရှိ လယ်သမားမှာ မိုးရွာမည် မရွာမည်ကို စောင့်မနေ၊ မူးရေအားကိုးနှင့် အားတိုက်ခွန်တိုက် လုပ်ကိုင်နေကြသည်။

mgyoe.com

mgyoe.com



မောင်ကျောက်လုံးသည် ဦးထွန်းလင်း၏ ခွင့်ပြုချက်အရ ညနေ လယ်တောက ပြန်လာလျှင် ရွာထဲရှိ သူ့အိမ်သို့ တောက်လျှောက်ပြန် သွားတတ်၍ နံနက် ဝေလီဝေလင်းတွင် ထုံးစံအတိုင်း ပခုံးပေါ်၌ လုံချည်တစ်ထည်တင်ကာ ဓားတစ်ချောင်းကိုထမ်းလျက် လယ်တောသို့ ဆင်းလာလေ့ရှိသည်။ မောင်ကျောက်လုံး၏ အိမ်တွင်းအခြေအနေကို ဦးထွန်းလင်း မရောက်ဖူးသဖြင့် အသေအချာ မသိရသော်လည်း မောင်ကျောက်လုံး ပြောစကားအရဆိုလျှင် သူ့သားကလေးကို မိဖွယ်တို့ အိမ်ကို ပို့ပြီးမှ လယ်တောသို့လာရကြောင်း သိရလေသည်။

တစ်နေ့တွင် ခါတိုင်းကဲ့သို့ မောင်ကျောက်လုံး လယ်တောသို့ မဆင်းလာ။ တော်တော်ကလေး နေမြင့်မှ မိဖွယ်တစ်ယောက်တည်း ဦးထွန်းလင်းထံသို့ အူယားဖားယား ပြေးလာလေသည်။ မောင်ကျောက်လုံး ၏ သားကလေးမှာ မနေ့ညနေက ကောက်ရသလို အပျင်းဖျားဖျား သဖြင့် မောင်ကျောက်လုံးမှာ လယ်တောသို့မဆင်းနိုင်ကြောင်း သူ့ကို ခွင့်ရက်ပေးပါမည့်အကြောင်းနှင့် မိဖွယ်က ဦးထွန်းလင်းကို ပြောပြ သည်။ ဦးထွန်းလင်းကလည်း ခွင့်တစ်ရက်မဟုတ်၊ ကလေးနေကောင်း မှ မောင်ကျောက်လုံး လယ်တောဆင်းစေတော့ဟု ရှောရှောရှူရှူပင် အခွင့်ပေးလိုက်ရာ မိဖွယ်က ကျေးဇူးတင်သည့်အကြောင်း မောင် ကျောက်လုံး ကိုယ်စားပြောပြီး သုတ်သီးသုတ်ပျာ ပြန်သွားလေသည်။

မောင်ကျောက်လုံး လယ်တောမဆင်းသည်မှာ သုံးရက်မျှ ကြာ သည်။ ဦးထွန်းလင်းမှာ ဗာဟီရကိစ္စကများ၊ ရွာထဲသို့လည်း တစ်ခေါက် မှ မရောက်သဖြင့် မောင်ကျောက်လုံးကို သတိမရဘဲ နေလေသည်။ လေးရက်မြောက်သောနေ့သို့ရောက်၍ မောင်ကျောက်လုံးကို မြင်ကာမှ မောင်ကျောက်လုံး၏ သားကလေးကို သတိရလေရာ...

"ဟေ့ မောင်ကျောက်လုံး၊ မင်းကလေး ဘယ့်နှယ်နေသေးသလဲ"

mgyoe.com

mgyoe.com


"နေကောင်းသွားပါပြီ ဆရာကြီးရဲ့၊ ကိစ္စမရှိတော့ပါဘူး"

"အေးကွယ်… ကောင်းပါလေရဲ့၊ မိဖွယ်တစ်ယောက်ကော မမြင်တာကြာပြီ"

"ရှိပါတယ် ဆရာကြီးရဲ့"

"အေး အေး"

မိဖွယ် ရှိပါတယ်ဟု မောင်ကျောက်လုံးက ပြောသွားသော်လည်း ထုံးစံအတိုင်း လယ်တောပြန်ချိန်တွင် မိဖွယ်သည် ကလေးလေး ချီလျက် မလာတော့သည်ကို ဦးထွန်းလင်း သတိပြုမိလေသည်။ သို့သော်လည်း သူနှင့်မဆိုင်သဖြင့် မောင်ကျောက်လုံးကို မမေးမိ။ မေးရန်လည်း အကြောင်းမရှိသဖြင့် မေ့မေ့လျော့လျော့ပင် နေခဲ့လေရာ မောင်ကျောက်လုံး လယ်တောသို့ ပြန်ဆင်းသည့်နေ့က ရက်တွက်လိုက်လျှင် လေးရက်မျှ ကြာခဲ့လေသည်။ ငါးရက်မြောက်သောနေ့ နံနက်၌ မောင်ကျောက်လုံးသည် ခေါင်းငိုက်စိုက်ချလျက် လေးလံသော ခြေလှမ်းများနှင့် လယ်တောသို့ ဆင်းလာသည်။ သူ့မျက်နှာမှာ အလွန်မသာမယာ ဖြစ်နေသည်သာမက၊ တစ်ခါတစ်ခါ အလွန်စိတ်ဆိုးနေသော အမူအရာလည်း ရှိလေသည်။ နံနက်စာစားချိန်၌ ခါတိုင်းလို အခြားကူလီများနှင့် အားရပါးရစားသည်ကို မတွေ့ရဘဲ စားသည်ဆိုရုံမျှစားပြီး မိဖွယ် ဇယ်ခုတ်နေကျ သရက်ပင်ကြီးအောက်၌ တစ်ယောက်တည်းသွားထိုင်၍ ငေးချင်ရာငေးမောနေသည်ကို မြင်ရလေရာ ဦးထွန်းလင်းမှာ အမူအရာပျက်နေသော မောင်ကျောက်လုံးကို သတိမပြုဘဲ မနေနိုင်တော့သည့်အတိုင်း

"ဟေ့… မောင်ကျောက်လုံး၊ ဘာဖြစ်နေသလဲကွဲ့"

"ဘာမှမဖြစ်ပါဘူး ဆရာကြီးရယ်"

"ငါတတ်နိုင်တာရှိရင် ပြောနော်၊ အားနာမနေနဲ့ မင်းကြည့်ရတာ

mgyoe.com